# ရှင်းလင်းချက်စာတမ်း

## မြန်မာနိုင်ငံတွင်း ထိရောက်သော ထိန်းချုပ်မှု

၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်။

**၂၀၂၄ ခုနှစ် နောက်ဆုံးအခြေအနေ**

SPECIAL ADVISORY COUNCIL • MYANMAR •

SAC-M

Special Advisory Council for Myanmar

ဤစာတမ်းသည် ၂၀၂၄ ခုနှစ်၊ မေလတွင် SAC-M မှထုတ်ဝေထားသော
Effective Control in Myanmar 2024 Update စာတမ်း၏ မြန်မာဘာသာပြန်ဆိုချက်ဖြစ်သည်။

# မာတိကာ

၁။ အခရာကျသော အချက်များ ............ ၃

၂။ နိဒါန်း ............ ၅

၃။ သုတေသနနည်းနာ ............ ၇

၄။ မြေပုံများ ............ ၁၁

၅။ အခရာကျသော လေ့လာတွေ့ရှိချက်များ ............ ၁၅

၆။ ထပ်လောင်းအကဲဖြတ်ခြင်း ............ ၂၃

၇။ ကောက်နုတ်ချက် ............ ၂၆

၈။ အကြံပြုချက်များ ............ ၂၉

# ၁။ အခရာကျသော အချက်များ

- ၂၀၂၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ ပဋိပက္ခ၏ ယေဘုယျဦးတည်ရာသည် ပုံစံတရပ်အဖြစ်ထွက်ပေါ်လာပြီး ယင်းမှာ ခုခံတော်လှန်ရေးအင်အားစုများ၏ ထိန်းချုပ်မှုများ တိုးချဲ့လာခြင်းနှင့် အလားတူစွာ စစ်အုပ်စု၏ ဆုံးရှုံးမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဤဦးတည်ရာလမ်းကြောင်းသည် တသမတ်တည်း ဖြစ်လျက်ရှိပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်ကာ ရုတ်ခြည်း အရှိန်အဟုန်မြင့်မားလာခဲ့သည်။

- စစ်အုပ်စုသည် မည်သည့်နေရာတွင်မျှ ခုခံတော်လှန်မှုကို ငြိမ်သက်အောင်လုပ်နိုင်ခြင်း မရှိ၊ နှိမ်နင်းနိုင်ခြင်းလည်း မရှိ ဖြစ်နေပြီး ၂၀၂၂ ခုနှစ်တွင် ခုခံတော်လှန်ရေးနယ်မြေပါဝင်သော မည်သည့်မြို့နယ်ကိုမျှ တည်ငြိမ်သော ထိန်းချုပ်မှုအောက် မထားနိုင်ခဲ့ပါ။ မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့် ထိစပ်နေသော နယ်စပ်များရှိ မြို့နယ်များတွင် စစ်အုပ်စု၏ ထိန်းချုပ်နိုင်မှုနှင့် ဝင်ရောက်နိုင်မှုမှာ အင်မတန် ကန့်သတ်မှုကြီးမားနေပြီး မြန်မာနိုင်ငံအလယ်ပိုင်း အတော်များများတွင် စစ်တပ်သည် ဖိအားများနှင့် ရင်ဆိုင်နေရလျက်ရှိသည်။ ပုံမှန်ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ကင်းလွတ်နိုင်သည့် မြို့ဟူ၍ မရှိဘဲ၊ ပိုမိုသေးငယ်သော မြို့တော်များနှင့် မြို့ပေါင်းများစွာတို့သည်လည်း လုံးလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအရ စစ်အုပ်စု၏ ထိန်းချုပ်မှု ပြင်ပတွင်ရှိနေကြသည်။

- စစ်အုပ်စုသည် ပြည်သူလူထုမှ အပ်နှင်းထားသော တရားဝင် (de jure) အစိုးရမဟုတ်ပေ။ နိုင်ငံကို ထိရောက်စွာ ထိန်းချုပ်နိုင်သည့် စံရည်စံနှုန်းများနှင့် ပြည့်မီခြင်းမရှိသောကြောင့် ၎င်းသည် လက်တွေ့ အားဖြင့် အုပ်ချုပ်လျက်ရှိသော တရားဝင် (de facto) အစိုးရလည်းမဟုတ်ပေ။ ထိရောက်သော ထိန်းချုပ်မှုကို တည်ထောင်နိုင်စွမ်းရှိသည်ဟူ၍လည်း ၎င်းမှ လက်တွေ့ ပြနိုင်ခြင်း မရှိသေးပေ။

- စစ်အုပ်စု၏ထိန်းချုပ်မှုကို ဆန့်ကျင်သော ခုခံတော်လှန်မှုသည် ခိုင်ခံ့၊ ကျယ်ပြန့်၊ နက်ရှိုင်းစွာ အမြစ်တွယ်နေလျက်ရှိသည်။ စစ်အုပ်စုအား တည်ငြိမ်အောင်လုပ်ဆောင်ရန် ပြင်ပမှ ကြိုးပမ်းမှုများသည် ငြင်းပယ်ခံရနိုင်ခြေများပြီး ခုခံတော်လှန်မှုမှာ ဆက်လက်တည်ရှိနေဦးမည် ဖြစ်သည်။

- ခုခံတော်လှန်ရေးအင်အားစု၏ ထိန်းချုပ်မှုကြီးထွားလာကာ ကြီးမားလှသော ခုခံတော်လှန်ရေးအင်အားစုပိုင်နက်များသည် လခြမ်းသဏ္ဍာန် ကွေးညွှတ်အသွင်ပုံစံဖြင့် မြန်မာနိုင်ငံ၏ အရှေ့ဘက် တရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် ရှမ်းပြည်နယ်၊ မြောက်ဘက်ရှိ ကချင်ပြည်နယ်တစ်လျှား၊ မြန်မာနိုင်ငံအနောက်ဘက်မှ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့ထိ တိုင်အောင်၊ တောင်ဘက် ဘင်္ဂလားပင်လယ်အော်အထိ လွှမ်းခြုံလျက်ရှိသည်။ တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော ပိုမိုသေးငယ်သည့် မြို့နယ်အစုအဝေးဧရိယာမှာလည်း ထိုင်းနိုင်ငံ၏ အရှေ့ဘက်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ကရင်နီပြည်နယ်နှင့် ကရင်ပြည်နယ်မှ စတင်ကာ ကပ္ပလီပင်လယ်ကမ်းရိုးတန်းတစ်လျှောက် တောင်ဘက်ရှိ တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြား ခုခံတော်လှန်ရေးအင်အားစု ထိန်းချုပ်မှုအောက်ရှိ မြို့နယ်အုပ်စုများနှင့် ထိစပ်လုနီးပါး ဖြန့်ကျက်လျက်ရှိနေပြီဖြစ်သည်။

- စစ်အုပ်စုသည် ကြီးမားပြင်းထန်သော အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများနှင့်တကွ နိုင်ငံတကာ လူ့အခွင့်အရေး နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ကြီးမားစွာ ချိုးဖောက်မှုများ၏ ပင်မရင်းမြစ်ဖြစ်ကြောင်း ထင်ရှားသည်။ စစ်အုပ်စုသည် ဒီမိုကရက်တစ်တော်လှန်ရေး၏ တောင်းဆိုချက်များကို လက်ခံလိုသော ဆန္ဒမရှိဘဲ အကြမ်းဖက်မှုများနှင့် ဖိနှိပ်မှုများကို ဆက်လက်ကျူးလွန်မည်ဟူ၍သာ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိသည်။ စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများမှ ပြည်သူများကို ကာကွယ်ရန်အတွက် နိုင်ငံတကာမှ အားစိုက်ထုတ်မှုများ ပိုမိုခိုင်မာအားကောင်းရန် မဖြစ်မနေလိုအပ်သည်။

- လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် အခြေခံဝန်ဆောင်မှုများအတွက် လိုအပ်ချက်များ များပြားကြီးမားလာချိန်တွင် နိုင်ငံတဝှမ်း အုပ်ချုပ်မှုစွမ်းရည်မှာလည်း အားနည်းလျက်ရှိသည်။ နိုင်ငံ နယ်နိမိတ်အားဖြင့် မျက်မှောက်တွင် စစ်အုပ်စုထက် သာလွန်စွာ ချုပ်ကိုင်ထားသော ခုခံတော်လှန်ရေး အင်အားစုများနှင့် တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများကို ပေးအပ်ရမည်ဖြစ်သည်။



# ၂။ နိဒါန်း

၂၀၂၄ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံ တောင်ဘက်တစ်နေရာရှိ NUG ၏ ကာကွယ်ရေးဝန်ကြီးမှ စစ်ဆေးနေစဉ်အတွင်း NUG ၏ PDF စစ်သားများ ဓာတ်ပုံရိုက်ခံနေစဉ်။ (NUG ကာကွယ်ရေး ဝန်ကြီးဌာန)

မြန်မာစစ်အုပ်စုကို နိုင်ငံတဝှမ်း ခုခံတော်လှန်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်ရန်အလို့ငှာ ဦးတည်သည့် တော်လှန်ရေးသည် မြန်မာနိုင်ငံ၏ အရှိတရား အသွင်သစ်များကို သဏ္ဌာန်ဖော်ဆောင်လျက်ရှိသည်။ လက်ရှိဖြစ်ပေါ်နေသော ပြောင်းလဲမှုများအနက် အချို့မှာ ပိုမို သိသာထင်ရှားလာလျက်ရှိသည်၊ ၎င်းတို့တွင် စစ်အုပ်စုတပ်များက နိုင်ငံတကာ နယ်စပ်ဒေသများတွင် ခိုလှုံရန်ကြိုးပမ်းခြင်း သို့မဟုတ် အတုံးအရုံးလက်နက်ချ အညံ့ခံကြခြင်းအပြင် ခုခံတော်လှန်ရေး အင်အားစုများက အချက်အခြာကျသော လမ်းကြောင်းများနှင့် မြို့များကို သိမ်းပိုက်ထားခြင်း စသည်တို့ပါဝင်သည်။ ဤစာတမ်းသည် ပိုမိုထင်ရှားသည့် တခုချင်းစီသောဖြစ်ရပ်များအား ကျော်လွန်ကာ ရှုမြင်ခြင်းဖြစ်ပြီး အားပြိုင်မှုနှင့် ထိန်းချုပ်မှုဆိုင်ရာ အနေအထားများသည် နိုင်ငံတခုလုံးအပေါ် မည်သို့ သက်ရောက်မှုများရှိသည်ကို ခွဲခြမ်းစိတ်ဖြာပြထားသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့တွင် မြန်မာစစ်တပ်က အာဏာသိမ်းခဲ့သည်မှာ အောင်မြင်ခြင်းမရှိခဲ့ပေ။ လူထုတရပ်လုံး အကြမ်းမဖက်သော ခုခံတော်လှန်ရေးအသွင်ဖြင့် မြန်မာပြည်သူများမှ အာဏာသိမ်းခြင်းကို တခဲနက် သောင်းသောင်းဖြဖြဖြင့် အပြတ်အသတ် ငြင်းဆန်ခဲ့ကြသည်။ စစ်တပ်က အကြမ်းဖက်ခြင်းဖြင့် တုန့်ပြန်ခဲ့ပြီး၊ ၎င်းလုပ်ရပ်က လက်နက်ကိုင်ခုခံတော်လှန်ရေးတရပ်နှင့် ဆယ်စုနှစ်များစွာ သက်ဆိုးရှည်သည့် အာဏာရှင်စနစ်ကို အဆုံးသတ်ရန် တော်လှန်ရေးရာတွန်းအားတရပ်အဖြစ် နောက်ဆက်တွဲ ဆင့်ကဲပြောင်းလဲလာစေရန် လှုံ့ဆော်မှုအနေနှင့် အသွင်ဆောင်လာခဲ့သည်။ စစ်အုပ်စုအား တရားဝင်အစိုးရတရပ်အဖြစ် သတ်မှတ်၍မရပေ။

အာဏာသိမ်းမှုစတင်လိုက်သည့် စစ်တပ်၏ လုပ်ရပ်များသည် မြန်မာ့ဥပဒေအပြင် မြန်မာစစ်တပ်ကိုယ်တိုင် မူကြမ်းရေးဆွဲခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပါ ချိုးဖောက်ခဲ့သဖြင့် ၎င်းအား သက်ရောက်မှုရှိစွာ ဖျက်သိမ်းလျက်သားဖြစ်စေ၏။

စစ်တပ်သည် နိုင်ငံတနိုင်ငံလုံးကို ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော တရားဝင် (de facto) အစိုးရဟူ၍လည်း အသိအမှတ်ပြု၍ မရနိုင်သည်ကို ၂၀၂၂ ခုနှစ်တွင် SAC-M မှတွေ့ရှိခဲ့သည်။[1] စစ်အုပ်စုသည် နိုင်ငံ၏ နယ်မြေများကိုသော်လည်းကောင်း၊ နိုင်ငံတွင်းနေထိုင်ကြသည့် ပြည်သူများကိုသော်လည်းကောင်း အပြည့်အဝ ထိန်းချုပ်နိုင်ခြင်းမရှိကြောင်း SAC-M မှ တွေ့ရှိခဲ့သည်။ စစ်အုပ်စုသည် အစိုးရလုပ်ငန်းတာဝန်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်း မရှိသည့်အပြင် ရေရှည်တည်မြဲသော တည်ငြိမ်မှုကို ဖော်ဆောင်နိုင်သည့် လက္ခဏာများ မပြသနိုင်ခဲ့ပေ။ မြန်မာနိုင်ငံရှိ မြို့နယ်တိုင်းလိုလိုတွင် စစ်တပ်၏ အခွင့်အာဏာကို ဆန့်ကျင်မှုများ ဆက်လက်ဖြစ်ပေါ်နေပါသည်၊ ထိရောက်သော ထိန်းချုပ်မှုအတွက် မြန်မာပြည်၏ မြို့နယ်တိုင်းနီးပါးတွင် ပြင်းထန်သော အားပြိုင်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိပြီး တော်လှန်ရေးအဖွဲ့များ မျက်နှာသာရသည့် ဦးတည်ရာလမ်းကြောင်း ဖြစ်လျက်ရှိသည်။ ခုခံတော်လှန်ရေးတပ်များအနေနှင့် အရှိန်အဟုန်ပြင်းစွာ အားကောင်းလာပြီး ရပ်တန့်ရန် အရိပ်အယောင် စိုးစဥ်းမျှ မပြသည့်အချိန်တွင် စစ်တပ်၏ ရှိခဲ့ဖူးသည့် ထိန်းချုပ်မှုအာဏာမှာလည်း ဆတက်ထမ်းပိုးလျော့လျက်ရှိပြီး လက်လွှတ်အရှုံးပေးလိုက်ရသည့် အနေအထားနှင့် ကြုံနေရသည်။

၂၀၂၂ ခုနှစ်မှစ၍ ၎င်းယေဘုယျ ဦးတည်ရာလမ်းကြောင်းသည် လားရာအတိုင်း ဆက်လက်ရေးရှုလျက်ရှိပြီး ၂၀၂၃ခုနှစ်၊ အောက်တိုဘာလတွင် အရှိန်မြှင့်လာခဲ့သည်။ ဤစာတမ်းသည် မြန်မာနိုင်ငံတွင် ထိရောက်သော ထိန်းချုပ်မှုအပေါ် နောက်ဆုံးအခြေအနေဖြစ်သည့် ရှုမြင်ချက်တရပ်ကို ၂၀၂၄ ခုနှစ်၊ မတ်လအဆုံးတွင် တင်ပြပေးထားသည်ဖြစ်ပြီး ယင်းသည် နိုင်ငံတကာအသိုက်အဝန်းမှ အကျပ်အတည်းများအပေါ် ပိုမိုအားကောင်းသော အရေးပေါ်လိုအပ်သည့် လက်ငင်း၊ ရေတိုနှင့် ရေရှည်အတွက် တုံ့ပြန်ချက်များကို အသိပေးရန်အတွက်ဖြစ်သည်။

---

## မြန်မာစစ်အုပ်စုကို နိုင်ငံတဝှမ်း ခုခံတော်လှန်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်ရန်အလို့ငှာ ဦးတည်သည့် တော်လှန်ရေးသည် မြန်မာနိုင်ငံ၏ အရှိတရား အသွင်သစ်များကို သဏ္ဌာန်ဖော်ဆောင်လျက်ရှိသည်။

---

[1] See "Briefing Paper: Effective Control in Myanmar", SAC-M, available at: https://specialadvisorycouncil.org/2022/09/briefing-effective-control-myanmar/ (September 2022).




# ၃။ သုတေသနနည်းနာ

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလလယ်တွင် MNDAA တပ်ဖွဲ့ဝင်များသည် တရုတ်နိုင်ငံနယ်စပ်အနီးရှိ မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့တွင် ၎င်းတို့သိမ်းပိုက်ထားသော စစ်အုပ်စု အခြေစိုက်တပ်စခန်းတစ်ခုရှေ့ ဓာတ်ပုံရိုက်ခံနေစဥ် (ကိုးကန့်အွန်လိုင်းမီဒီယာ)

မြန်မာနိုင်ငံတဝှမ်းရှိ စုံလင်လှသော ပထဝီဝင်အနေအထားတစ်လျှောက် အားပြိုင်မှုနှင့် ထိန်းချုပ်မှုဆိုင်ရာ ပုံဖော်မှုများအား ထင်ရှားစေရန်အတွက် အရည်အသွေးပြအကဲဖြတ်ခြင်းကို အခြေခံ၍ တည်ဆောက်ထားသော မြေပုံသုံးခုကို ထုတ်ပြန်ထားသည်။

နိုင်ငံတခု၏ လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော တရားဝင် (de facto) အစိုးရတရပ်အနေဖြင့် အဖွဲ့အစည်းတခုသည် ထိရောက်သော ထိန်းချုပ်မှုရှိမရှိကို အဆုံးအဖြတ်ပေးရန်အတွက် နိုင်ငံတကာမှ လက်ခံထားသော စံနှုန်းများ၏ လမ်းပြဦးတည်မှုဖြင့် ဤအကဲဖြတ်မှုများကို ပြုလုပ်ထားခြင်းဖြစ်ပြီး ယင်းသည် အပြည်ပြည်ဆိုင်ရာ စီရင်ချက်များကို အခြေခံသော ဥပဒေမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုစံနှုန်းများကို ၁၉၂၃ ခုနှစ်၊ Tinoco Claims Arbitration (ဂရိတ်ဗြိတိန်နိုင်ငံ vs ကို့စတာရီကာနိုင်ငံ) တွင် သတ်မှတ်ခဲ့သည်။ ထိုစံနှုန်းများအရ အဖွဲ့အစည်းတခုသည် လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော တရားဝင် (de facto) အစိုးရတရပ်အဖြစ် ထိရောက်သော ထိန်းချုပ်မှုရှိရန်အတွက် -

- နယ်မြေအားလုံးကိုမအုပ်ချုပ်နိုင်ပါက နိုင်ငံ၏ နယ်မြေတစိတ်တပိုင်းကို ထိန်းချုပ်ရမည်။
- အစိုးရအဖြစ် လူထုက လက်ခံရမည်။ (ဤသည်မှာ ပြည်သူများက ၎င်းအဖွဲ့အစည်းကို ထောက်ခံရမည် သို့မဟုတ် တရားဝင်သည်ဟု ယူဆရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ၊ သို့ပေသော်ငြား ယေဘုယျအနေနှင့် အတင်းအကျပ်အားဖြင့်လုပ် ယူထားသည်ဖြစ်သော်ငြား ပြည်သူများအနေနှင့် ၎င်းအဖွဲ့ထံသို့ ကြီးစိုးသောအာဏာပိုင်အဖွဲ့အနေနှင့် နာခံခြင်း ရှိရမည်။)
- အစိုးရ၏ လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲနိုင်စွမ်းရှိရမည်။
- အထက်ဖော်ပြပါ စံနှုန်းများကို ကျင့်သုံးရာတွင် ရေရှည်တည်တံ့စွာလုပ်နိုင်သည့် အတိုင်းအတာ အဆင့်အချို့ထိ လက်တွေ့ပြနိုင်ရမည်ဖြစ်သည်။

ဤစံနှုန်းများဖော်ပြသကဲ့သို့ပင် ထိရောက်သောထိန်းချုပ်မှုသည် အမျိုးမျိုးသော အချက်အလက်များအပေါ် မူတည်၍ အရေအတွက်အားဖြင့် တိုင်းတာခြင်းမပြုနိုင်ပေ၊ ယင်းတွင် စစ်အခြေစိုက်စခန်းများ တည်ရှိနေခြင်း သို့မဟုတ် သီးခြားညွှန်ပြချက်

လက္ခဏာအမှတ်အသားအပေါ်တွင် ရိုးရှင်းစွာ မူတည်၍ တိုင်းတာခြင်း မပြုနိုင်ပေ။ ထို့ကြောင့် လက်ရှိအသက်ဝင်လျက်ရှိသည့် လွှမ်းမိုးမှုပုံစံအမျိုးမျိုး၏ ရှုပ်ထွေးသော သဘောသဘာဝကို အသိအမှတ်ပြုလျက် ထိန်းချုပ်မှု၏ အတိုင်းအတာအဆင့်များကို ညွှန်ပြသော စုံလင်သည့် အားပြိုင်မှုအသွင်ပုံစံများဖြင့် အရည်အသွေးပြ အကဲဖြတ်မှုများအား လုပ်ဆောင်ထားသည်။ နိုင်ငံတဝှမ်းရှိ မြေပြင်အဆင့် အဆက်အသွယ်များ၊ ဒေသတွင်းနှင့် အခြားမှ ပညာရှင်များ၊ ဂျာနယ်လစ်များနှင့် မြေပုံဆိုင်ရာအထူးကျွမ်းကျင်သူများကို တိုင်ပင်ခြင်းအားဖြင့် အရည်အသွေးပြအကဲဖြတ်မှုများ ပြုလုပ်ခဲ့ကြောင်းနှင့်၊ ယင်းတွင် အဓိကဖြစ်ရပ်များဆိုင်ရာ သတင်းဆောင်းပါးများ၏ အပိုင်းအခြားကို ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက အခြားရရှိနိုင်သောမြေပုံများနှင့် ယှဉ်တွဲအတည်ပြုခြင်း တို့ပါဝင်သည်။ ဤခွဲခြမ်းစိတ်ဖြာမှုတွင် စီစစ်ဆန်းစစ်မှုပညာရှင် နှစ်ဦး၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကလည်း SAC-M အတွက်အကျိုးပြုခဲ့သည်။

“မြန်မာပြည်တလွှား အားပြိုင်မှုနှင့် ထိန်းချုပ်မှု - ၂၀၂၄ခုနှစ်၊ မတ်လ” မြေပုံ (ပုံစံ ၁) ကို နိုင်ငံ၏ မြို့နယ်စုစုပေါင်း ၃၃၀ မြို့နယ်မှ တခုချင်းစီကို အားပြိုင်မှုနှင့် ထိန်းချုပ်မှု အမျိုးအစား ရှစ်မျိုးထဲမှ တမျိုးစီဖြင့် သတ်မှတ်ခဲ့သည်။ ၎င်း ရှစ်မျိုးခွဲ အမျိုးအစားများ တိုင်းတာမှု၏ အစွန်းတဖက်တွင် စစ်အုပ်စုရှိနေပြီး အခြားတဖက်တွင် ခုခံတော်လှန်ရေးအင်အားစုတို့အား သတ်မှတ်ပုံဖော်ထားသည်။

မြန်မာနိုင်ငံတွင် ကျယ်ပြန့်သော လူထုအုံကြွမှုကြီးနှင့် လက်နက်ကိုင်အင်အားစုများနှင့် အုပ်ချုပ်ရေး အင်အားစုများ အမြောက်အမြား ရှိနေသည့်အနေအထားတွင် ထိန်းချုပ်နယ်မြေ၏ နယ်သတ်မျဉ်းကို တိတိပပ ရေးဆွဲရန် မဖြစ်နိုင်ပေ။ လက်နက်ကိုင်အင်အားစုများနှင့် အုပ်ချုပ်ရေးအင်အားစုများသည် (နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ သတင်းအချက်အလက်ဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် လူမှုရေး အစရှိသည့်) နယ်ပယ်များကဲ့သို့သော နယ်ပယ်အသီးသီးတွင် အမျိုးမျိုးသော ဩဇာလွှမ်းမိုးမှုပုံစံများဖြင့် အသုံးပြုလျက်ရှိပြီး ၎င်းတို့၏ ဩဇာလွှမ်းမိုးရေးနယ်ပယ်အဝန်းအပိုင်းများမှာလည်း တခုနှင့်တခု သိသိသာသာ ထပ်ဖြာလွှမ်းမိုးလျက်ရှိသည်။ တမြို့နယ်ချင်းစီ၏ လက္ခဏာရပ်များကို ဖော်ပြခြင်းအားဖြင့် ထိုမြို့နယ်တဝှမ်းရှိ ပြည်သူများကြုံရသည့် အလုံးစုံ အခြေအနေနှင့် ပတ်ဝန်းကျင် အနေအထားများအပေါ် ညွှန်ပြချက်များအား ကျွန်ုပ်တို့ဖော်ပြထားပြီး စစ်အုပ်စုနှင့် ခုခံတော်လှန်ရေးအင်အားစုများ၏ ဩဇာလွှမ်းမိုးမှု ပမာဏအတိုင်းအတာကို ယေဘုယျအားဖြင့် ပုံဆောင်ထားသည်။ မျက်မှောက်အချိန်တွင် မြန်မာနိုင်ငံရှိ လူဦးရေအများစုသည် ရောနှောထိန်းချုပ်မှု အသွင်ပုံစံအချို့အောက်တွင် ရောက်ရှိနေသည်မှာ ပကတိအရှိတရားပင်ဖြစ်သည်။ ဤနေရာတွင် အသုံးပြုထားသည့် ထိန်းချုပ်မှုနှင့် အားပြိုင်မှုဆိုင်ရာ အညွှန်းအတိုင်းအတာသည် ရောနှောထိန်းချုပ်မှုအသွင် အမျိုးမျိုး၏ ခြုံငုံသုံးသပ်ချက်ကို ပြခြင်းဖြစ်သည်။ အားပြိုင်မှု နှင့် ထိန်းချုပ်မှု ဖော်ပြသည့် မြေပုံရေးဆွဲရန် ကြိုးပမ်းမှုမှန်သမျှတွင် မတူညီသောနေရာများရှိ ရှုပ်ထွေးပွေလီသော အခြေအနေကို ယေဘုယျကျစွာ ညွှန်ပြပေးနိုင်သည့် ရုပ်ပုံမော်ဒယ်တစ်ခု ထွက်ပေါ်လာစေရန် အလို့ငှာ ကျယ်ပြန့်သော လွယ်ကူရှင်းလင်းမှုရှိစေရန် လိုအပ်ပေသည်။

ယင်းအတွက်အလို့ငှာ မြန်မာစစ်အုပ်စုကျင့်သုံးနေသည့် နိုင်ငံရေးစနစ်ကို ဆန့်ကျင်သည်ဟူသော နိုင်ငံရေးပန်းတိုင်များအား အတိအလင်းထုတ်ပြန်ထားသည့် မည်သည့် လက်နက်ကိုင် နှင့်/သို့မဟုတ် အုပ်ချုပ်မှုအင်အားစုကိုမဆို ခုခံတော်လှန်ရေးအင်အားစုများဟူ၍ နားလည်ထားသည်။ ဤတွင် စစ်အုပ်စု၏ လက်အောက်ခံနှင့် ၎င်းအားထောက်ခံသော သို့မဟုတ် အနည်းဆုံး ၎င်း၏ စနစ်နှင့် အုပ်ချုပ်မှုကို လက်သင့်ခံသော ပြည်သူ့စစ်များကို ထည့်သွင်းခြင်းမပြုထားပေ။ ဤတွင် တော်လှန်ရေးဆိုင်ရာ အမည်သတ်မှတ်ချက်တို့ဖြင့် ၎င်းတို့ကိုယ်၌ အနက်ဖွင့်ထားပြီး နိုင်ငံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစနစ်၏ အခြေခံကျသော အပြောင်းအလဲများအပေါ် အတိအလင်း တောင်းဆိုမှုပြုလျက်ရှိသော အဖွဲ့အစည်းများအားလုံး၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ရှိ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့များ နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)၊ လွတ်လပ်သော ဒေသကာကွယ်ရေးတပ်ဖွဲ့များနှင့် အုပ်ချုပ်ရေး အဖွဲ့များ၊ နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) စသည်

ကဲ့သို့ပါဝင်သည်။ ယင်းတွင် စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသော်လည်း ၎င်းကိုယ်၌ တော်လှန်ရေးအဖွဲ့အစည်း တစ်ခုအဖြစ် အနက်ဖွင့်ထားပြီး စစ်တပ်၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုဆန့်ကျင်ကာ စစ်အုပ်စုအားဆန့်ကျင်သည့် စစ်ရေး တိုက်ပွဲများ အကြီးအကျယ်ဆင်နွှဲနေသော မဟာမိတ်အဖွဲ့ဝင်များအား ဦးဆောင်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးမှုများ လုပ်ဆောင်နေသည့် "ဂ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ကဲ့သို့သော အဖွဲ့အစည်းများလည်း ပါဝင်ပေသည်။ "ခုခံ တော်လှန်ရေး (resistance)" ဟုသုံးနှုန်းလိုက်သည်နှင့် ၎င်းအဖွဲ့အစည်းသည် NUG နှင့် ချိတ်ဆက်မှုတစ်စုံတစ်ရာရှိသည်ဟု အလိုအလျောက် ဆိုလိုလိုက်ခြင်းမဟုတ်ပေ။ "တော်လှန်ရေး (revolutionary)" နှင့် "ခုခံတော်လှန်ရေး (resistance)" ဟူသော စကားရပ်များအား အတော်သင့် နေရာချင်းဖလှယ်၍ အသုံးပြုထားသည်။

ခုခံတော်လှန်သောအဖွဲ့များသည် အားလုံးအတူတကွ ပူးပေါင်းလုပ်ဆောင်နေကြသည် မဟုတ်သကဲ့သို့ ၎င်းတို့သည် ပေါင်းစည်း ထားသော အစုအဖွဲ့တခုအနေဖြင့် လုပ်ဆောင်မှု အလွန်နည်းပါးသည်။ သုံးသပ်ထင်မြင်ချက်ပေးသူများသည် ခုခံတော်လှန်ရေး အင်အားစုများအကြားမှ အုပ်စုကွဲမှုများနှင့် ပဋိပက္ခများကို ချဲ့ကား ပြောဆိုတတ်လေ့ရှိပြီး စစ်တပ်ကို ကျယ်ပြောလှသော နယ်မြေများမှ တွန်းထုတ်ရန် မဟာမိတ်များစွာတို့အကြားရှိ နက်နဲကျယ်ပြန့်သော ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက် မှု၏ ရေချိန်ပမာဏအား ရံဖန်ရံခါ မသိကျိုးကျွန်ပြုလေ့ရှိကြသည်။ အပြန်အလှန်တိုက်ခိုက်ကြစေရန် မြန်မာစစ်တပ်မှ အစဉ်အမြဲ ဆော်သြစည်းရုံးနေသော်လည်း ခုခံတော်လှန်ရေးတပ်များအချင်းချင်း တိုက်ခိုက်မှုများမှာ ရှားပါးလှသည်။ မည်သို့ပင်ဆိုစေကာ မူ နိုင်ငံရေးအရ ပေါင်းစည်းမှုသည်  ဆက်လက်လုပ်ဆောင်နေရဆဲဖြစ်သည့် ခက်ခဲသော လုပ်ငန်းစဥ်တရပ်ဖြစ်သည်၊ ၎င်းအား ခုခံတော်လှန်ရေးအင်အားစု အများစုက ဗဟိုဦးစားပေးအဖြစ်ယူဆကာ တရားဝင်နှင့် အလွတ်သဘောဆန်သော လမ်းကြောင်း အမျိုးမျိုးတို့ဖြင့် ချဥ်းကပ်လုပ်ဆောင်ကြသည်။ ခုခံတော်လှန်ရေးအဖွဲ့များအကြား လက်ရှိအကွဲကွဲအပြားပြားဖြစ်နေရခြင်း မှာ ပင်ကိုယ် ရှိရင်းစွဲ မတူကွဲပြားမှုနှင့် စစ်အုပ်စု၏ နှစ်ပရိစ္ဆေဒ ဆယ်နှင့်ချီအောင် ကြာမြင့်လှပြီဖြစ်သော သွေးခွဲအုပ်ချုပ်ရေး မဟာဗျူဟာများကြောင့်ဖြစ်ပြီး မျက်မှောက်တွင်မူ ၎င်းအကွဲကွဲအပြားပြားဖြစ်နေခြင်းအား တဖြည်းဖြည်း ကျော်လွှားနေကြပြီ ဖြစ်သည်။

နောက်ဆုံးအချက်အနေနှင့် ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံတွင် နောက်ဆုံးကောက်ယူခဲ့သော သန်းခေါင်စာရင်းအချက်အလက် များကို မြို့နယ်တခုစီရှိ လူဦးရေအရွယ်အစားကို ခန့်မှန်းရန် အသုံးပြုခဲ့သည်။ ရိုဟင်ဂျာများကို ကိုယ်ပိုင်သရုပ်လက္ခဏာ ဖော်ထုတ်ခွင့်မပေးအပ်သည့်အပြင် ကချင်နှင့် ကရင်ပြည်နယ် အစိတ်အပိုင်းအနည်းငယ်များကို ဖယ်ထုတ်ထားသောကြောင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် အင်မတန် ပြဿနာကြီးခဲ့သည်။ ၎င်း ရှေ့နောက်မညီသည့် မဆီလျော်မှုများသည် ဤတွင် အသုံးပြုထားသည့် မြို့နယ်အဆင့် လူဦးရေ ခန့်မှန်းချက်အပေါ် သက်ရောက်မှုရှိပြီး အထူးသဖြင့် အများစုမှာ ရခိုင်ပြည်နယ်မှ လူဦးရေ ခန့်မှန်းချက်အပေါ် ပင်ဖြစ်သည်။

၂၀၁၄ ခုနှစ်ကတည်းက လူဦးရေအရွယ်အစားနှင့် လူဦးရေပျံ့နှံ့မှု သိသိသာသာ အပြောင်းအလဲများ ရှိလာနိုင်ပြီး အာဏာသိမ်းပြီး နောက်ပိုင်းမှ စတင်၍ အနည်းဆုံး လူ ၂.၇ သန်းခန့် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရမှု[2] အပါအဝင်  နေရပ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်ရမှုမှာ ကျယ်ပြန့်စွာ ဖြစ်ပွားလျက်ရှိသည်၊ ဤတွင် ထည့်သွင်းမထားသော ပမာဏအရ မသိရှိနိုင်သည့် နိုင်ငံရပ်ခြား ရွှေ့ပြောင်းနေထိုင်မှုများလည်း ကျန်ရှိနေသေးသည်။ ထို့ကြောင့် ဤစာတမ်းပါ လူဦးရေကိန်းဂဏန်းများသည်

[2] See "Published ECHO Daily Flash of 06 May 2024", Emergency Response Coordination Centre, European Civil Protection and Humanitarian Aid Operations, available at: https://reliefweb.int/report/myanmar/myanmar-conflict-and-population-displacement-un-rchc-myanmar-dg-echo-echo-daily-flash-06-may-2024 (May 2024).

မတူညီသော မြို့နယ်များအကြားရှိ လူဦးရေသိပ်သည်းမှု ကွာခြားချက်များနှင့် မတူညီသောထိန်းချုပ်မှုနှင့် အားပြိုင်မှု အခြေအနေများအကြားရှိ လူဦးရေသိပ်သည်းမှု တို့၏ ကွာခြားချက်များကို နားလည်သဘောပေါက်စေရန် အတွက်သာ ရည်ရွယ်ပါသည်။

မြေပုံများသည် ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ စုဆောင်းရရှိထားသော အချက်အလက်များအပေါ် အခြေခံထားပြီး နေရာအများအပြားနှင့် အထူးသဖြင့် ချင်း၊ ကချင်နှင့် ရခိုင်ပြည်နယ်တို့၌ နောက်ဆက်တွဲနှင့် ဆက်လက်ဖြစ်ပေါ်နေသော ထိန်းချုပ်မှုဆိုင်ရာ အပြောင်းအလဲများအား (အများစုမှာ စစ်အုပ်စု၏ထိန်းချုပ်မှုအောက်မှ ခုခံတော်လှန်ရေးအင်အားစု၏ ထိန်းချုပ်မှုအောက်သို့ ဖြစ်ပြီး) ဖမ်းဆုပ်ဖော်ပြနိုင်ခြင်းမရှိပါ။


---

**မြန်မာနိုင်ငံတွင် ကျယ်ပြန့်သော လူထုအုံကြွမှုကြီးနှင့် လက်နက်ကိုင်အင်အားစုများနှင့် အုပ်ချုပ်ရေး အင်အားစုများ အမြောက်အမြား ရှိနေသည့်အနေအထားတွင် ထိန်းချုပ်နယ်မြေ၏ နယ်သတ်မျဉ်းကို တိတိပပ ရေးဆွဲရန် မဖြစ်နိုင်ပေ။ လက်နက်ကိုင်အင်အားစုများနှင့် အုပ်ချုပ်ရေးအင်အားစုများသည် နယ်ပယ်အသီးသီးတွင် အမျိုးမျိုးသော ဩဇာလွှမ်းမိုးမှုပုံစံများဖြင့် အသုံးပြုလျက်ရှိပြီး ၎င်းတို့၏ ဩဇာလွှမ်းမိုးရေးနယ်ပယ် အဝန်းအပိုင်းများမှာလည်း တခုနှင့်တခု သိသိသာသာ ထပ်ဖြာလွှမ်းမိုးလျက်ရှိသည်။**

---


# ၄။ မြေပုံများ

## မြန်မာနိုင်ငံအနှံ့ အားပြိုင်မှုနှင့် ထိန်းချုပ်မှု - ၂၀၂၄ ခုနှစ်၊ မတ်လ (ပုံစံ ၁)




# မြန်မာနိုင်ငံအနှံ့ အားပြိုင်မှုနှင့် ထိန်းချုပ်မှု အချိန်နှင့်အမျှ ပြောင်းလဲနေမှုများ

၂၀၂၂ ခုနှစ်၊ ဇွန်လ[3]





၂၀၂၄ ခုနှစ်၊ မတ်လ (ပုံစံ ၁)





[3] From SAC-M "Briefing Paper: Effective Control in Myanmar" (September 2022).

## မြို့များနှင့် လမ်းများအပေါ် စစ်အုပ်စု၏ ဝင်ရောက်နိုင်မှု - ၂၀၂၄ ခုနှစ်၊ ဧပြီလ (ပုံစံ ၂)



နိုင်ငံတကာနယ်စပ်များ၌ ထိန်းချုပ်မှုဆိုင်ရာ အပြောင်းအလဲများ - (၂၀၂၄ ခုနှစ်၊ ဧပြီလ) (ပုံစံ ၃)



# ၅။ အခရာကျသော လေ့လာတွေ့ရှိချက်များ

## နိုင်ငံလုံးအလိုက်

- မြန်မာစစ်အုပ်စုသည် တိုင်းပြည်ကို ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်း မရှိပါ။ နိုင်ငံ၏ နယ်မြေ ၈၆% နှင့် နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၆၇% တည်ရှိပါဝင်သည့် မြို့နယ်များသည် စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက်တွင် မရှိနေပါ။ (အမျိုးအစားများ ၂-၈)

- ခုခံတော်လှန်ရေးအင်အားစု၏ ထိန်းချုပ်မှု ၉၀% ကျော်ရှိသည့် မြို့နယ်များသည် နိုင်ငံ၏ နယ်မြေစုစုပေါင်း ၃၄% ကို ဖုံးလွှမ်းထားပြီး ၎င်းတွင် လူဦးရေစုစုပေါင်း၏ ၁၂% ပါဝင်သည် (အမျိုးအစား ၇-၈)။ စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက်ရှိ မြို့နယ်များသည် နိုင်ငံ၏ နယ်မြေစုစုပေါင်း၏ ထက်ဝက်အောက်ပင် နည်းပါးသော်လည်း (၁၄%)၊ လူဦးရေအချိုးအစားအားဖြင့် ပိုမိုများပြားသည် (၃၂%)။ (အမျိုးအစား ၁)

- ၂၀၂၂ ခုနှစ်မှစတင်၍ စစ်အုပ်စု သို့မဟုတ် တော်လှန်ရေးအင်အားစုများ၏ ထိန်းချုပ်မှုဟူသော တိုင်းတာမှုစံနှုန်းအမျိုးအစားများ၏ အဆုံးဖျားနှစ်ဖက်လုံးတွင် အကျုံးဝင်သည့် မြို့နယ်အရေအတွက်မှာ များပြားလာလျက်ရှိသည်။ ပြောင်းလဲမှု၏ ဦးတည်ရာလမ်းကြောင်းသည် ခုခံတော်လှန်ရေး အင်အားစုများအား အားကောင်းစွာ မျက်နှာသာပေးလျက်ရှိပြီး ခုခံတော်လှန်ရေးအင်အားစုများ ထိန်းချုပ်မှုရှိသော ပိုင်နက်များ ၉၀% ကျော် အထိရှိလာကာ (အမျိုးအစား ၇-၈)၊ စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက်ရှိ ပိုင်နက်၏ ၄ဆခန့် ပို၍ ကြီးထွားလာခဲ့သည်။ (အမျိုးအစား ၁)

- စစ်အုပ်စုသည် နယ်မြေသေးငယ်၍ လူဦးရေထူထပ်သော အခရာကျသည့် မြို့ကြီးများတွင် ထိန်းချုပ်မှု ခိုင်မာစေရန်အတွက် သိသိသာသာ ရင်းနှီးထားသည်။ ၎င်းသည် ၂၀၂၂ ခုနှစ်မှစ၍ စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက်ရှိ မြို့နယ်များ၌ နေထိုင်သော လူဦးရေအချိုးအစားကို ၂၁% မှ ၃၂% ထိ တိုးပွားစေခဲ့သည် (အမျိုးအစား ၁)

- ၂၀၂၂ ခုနှစ်တွင် တော်လှန်ရေးအင်အားစု ထိန်းချုပ်ထားသောနယ်မြေ ပါဝင်သည့်မြို့နယ် တခုကမှ  (အမျိုးအစား ၄-၈) စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက် မကျရောက်ခဲ့ပေ။ စစ်အုပ်စု၏ ထိန်းချုပ်မှု ယုတ်လျော့လာသည့် မြို့နယ်များ၏ အများစု (၅၇%) တွင် ခုခံတော်လှန်ရေးအင်အားစုများက  ၂၀၂၂ ခုနှစ်တွင် စတင်အုပ်ချုပ်ခဲ့ပြီး  (အမျိုးအစား ၆) ယခုအခါ ၉၀ - ၁၀၀% အထိ ခုခံတော်လှန်ရေး အင်အားစု၏ ထိန်းချုပ်မှုအောက်ရောက်နေပြီ ဖြစ်သည်။ (အမျိုးအစား ၇-၈)

- ၂၀၂၂ ခုနှစ်တွင် စစ်အုပ်စုများမှ ခုခံတော်လှန်ရေးအင်အားစုအဖွဲ့များ၏ ပုံမှန် ပစ်မှတ်ထားတိုက်ခိုက်ခံရသည့် မြို့နယ်များ၏ (အမျိုးအစား ၃) အများစု (၆၀%) သည် ယခုထက်ထိ စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက် ကျရောက်ခြင်း မရှိနိုင်သေးပါ။ (အမျိုးအစား ၁) ထိုမြို့နယ်များ၏ ၂၆% တွင် ယခုအခါ တော်လှန်ရေးအင်အားစုများက ကာကွယ်ထိန်းချုပ်ထားသော နယ်မြေများ ပါဝင်နေပြီဖြစ်သည်။ (အမျိုးအစား ၄-၈)

- တခုစီတွင် ခုခံတော်လှန်ရေးအင်အားစု၏ ထိန်းချုပ်မှု ၉၀% ကျော်ရှိသည့် ဆက်စပ်နေသော မြို့နယ်အစုအဝေးကြီး သုံးခုရှိသည် (အမျိုးအစား ၇-၈)။ အကြီးဆုံးအစုအဝေးတွင် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အကြား ရှည်လျားစွာဖြန့်ကျက်

ထားသည့် ၂၆ မြို့နယ်ပါဝင်သည်။ ဒုတိယအကြီးဆုံးအစုအဝေးတွင် မြန်မာပြည် အရှေ့တောင်ဘက်ရှိ တိုင်းနှင့် ပြည်နယ် ခြောက်ခုတွင် ဖြန့်ကျက်ထားသည့် ၂၃ မြို့နယ်တို့ ပါဝင်ပြီး တနင်္သာရီတိုင်းရှိ အခြားမြို့နယ်အစုအဝေး တစ်ခုနှင့် ထိစပ်မှု နီးပါးရှိသည်။ နောက်ထပ်အစုအဝေးတွင် ချင်း၊ မကွေး၊ စစ်ကိုင်းနှင့် ရခိုင်တို့ကို ချိတ်ဆက်ထားသည့် ၁၉ မြို့နယ်တို့ ပါဝင်သည်။

- ခုခံတော်လှန်ရေးအင်အားစုများ အခြေပြုထားသည့် လခြမ်းသဏ္ဍာန်ကွေးညွတ်အသွင်ပုံစံဖြင့် နယ်မြေများ ပါဝင်သော မြို့နယ်အစုအဝေး (အမျိုးအစား ၆-၈) သည် ယခုအခါ မြန်မာနိုင်ငံအရှေ့ဘက် တရုတ်နယ်စပ်ရှိ ရှမ်းပြည်နယ်မှ စတင်ကာ မြောက်ဘက်ရှိ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံအနောက်ဘက်ရှိ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်၊ တောင်ဘက်ရှိ ဘင်္ဂလားပင်လယ်အော်အထိ လွှမ်းခြုံလျက်ရှိသည်။

- ဤဒေသများအတွက် အဓိက အလေးပေးမှုမှာ နယ်စပ်ဖြတ်ကျော် လူသွားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခြင်းအပြင် အုပ်ချုပ်ရေးဖွဲ့စည်းပုံများနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေခြင်း နှင့် ခုခံတော်လှန်ရေးအင်အားစုများ၏ အကွပ်အကဲအောက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်စတင်စေရန် သင့်လျော်သော အားထုတ်မှု အစီအစဉ်များ ဖော်ဆောင်ခြင်းတို့ ဖြစ်သည်။



၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် CNA နှင့် CDF တပ်ဖွဲ့များ၏ စုပေါင်းအင်အားစုများမှ ချင်းပြည်နယ် ရိခေါ်ဒါရ်မြို့အား သိမ်းယူပြီးနောက် ၎င်းဒေသရှိ မြန်မာ-အိန္ဒိယနယ်စပ် ဖြတ်ကျော်နေရာတစ်ခုတွင် ချင်းလူမျိုးအလံ လွှင့်ထူထားစဉ်။ (CJ/ ရောဝတီသတင်းဌာန)

## နယ်စပ်များ

နိုင်ငံတကာကုန်းမြေနယ်နိမိတ်များနှင့် ထိစပ်နေသော မြို့နယ် ၅၁ မြို့နယ်အနက် -

- တစ်ခုသာ စစ်အုပ်စု၏ တည်ငြိမ်သောထိန်းချုပ်မှု မြို့နယ် (အမျိုးအစား ၁) ဖြစ်ပြီး လူဦးရေ ၇,၀၀၀ ခန့်ရှိ၍ ဟိမဝန္တာ တောင်တန်းတောင်ခြေနှင့် ထိစပ်နေသည်။

- မြို့နယ် ၃၀ မြို့နယ်  (၅၈%) တွင် အနည်းဆုံး ၉၀% ခုခံတော်လှန်ရေးဘက်မှ ထိန်းချုပ်မှု (အမျိုးအစား ၇-၈) ရှိပြီး၊ မြို့နယ် ၁၄ မြို့နယ်  (၂၇%) တွင် ခုခံတော်လှန်ရေးထိန်းချုပ်မှု အပြည့်အဝ ရှိသည်။

- စစ်အုပ်စုလက်အောက်ခံကိုယ်စားလှယ် ပြည်သူ့စစ်များ၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်တွင်  မြို့နယ် ၄ မြို့နယ် (၈%) သာ ကျန်ရှိပြီး ၎င်းမြို့နယ်များသည် စစ်အုပ်စု၏ နယ်စပ်ကုန်သွယ်ရေးနှင့် ဖြတ်ကျော်မှုများအတွက် အဓိက ဝင်ရောက်နိုင်သည့် မြို့နယ်များဖြစ်သည် (အမျိုးအစား ၂)။

- တရုတ်နိုင်ငံနယ်စပ်ရှိ မြို့နယ်များ၏ အများစု (စုစုပေါင်း ၁၈မြို့နယ်အနက်မှ ၁၁မြို့နယ်) သည် ခုခံတော်လှန်ရေးထိန်းချုပ်မှုအပြည့်အဝ (အမျိုးအစား ၈) အောက်တွင်ဖြစ်ပြီး၊ နောက်ထပ် နှစ်မြို့နယ်တွင် ၉၀% သော ခုခံတော်လှန်ရေးထိန်းချုပ်မှုရှိသည်။

- ခုခံတော်လှန်ရေးထိန်းချုပ်မှု အပြည့်အဝရှိသော နယ်စပ်ရှိ ၁၄ မြို့နယ်အနက် (အမျိုးအစား ၈)၊ ၁၀ မြို့နယ် (၇၁%) သည် တရုတ်နိုင်ငံနယ်စပ်တွင်ရှိပြီး၊ နှစ်မြို့နယ် (၁၄%) သည် အိန္ဒိယနိုင်ငံနယ်စပ်နှင့် နှစ်မြို့နယ် (၁၄%) သည် ထိုင်းနိုင်ငံနယ်စပ်တွင်တည်ရှိသည်။

- ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ နှစ်မြို့နယ်တွင် ၉၀% သော ခုခံတော်လှန်ရေးထိန်းချုပ်မှု (အမျိုးအစား ၇) ရှိပြီး ၂၀၂၄ အတွင်း ခုခံတော်လှန်ရေးထိန်းချုပ်မှု အပြည့်အဝအောက် ရောက်နိုင်ခြေရှိသည်။ (ထိုင်းနိုင်ငံ သို့မဟုတ် တရုတ်နိုင်ငံနှင့်လည်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော) လာအိုနယ်စပ်ရှိ မြို့နယ် နှစ် မြို့နယ် တွင် စစ်အုပ်စုသည် ၎င်း၏ လက်အောက်ခံကိုယ်စားလှယ် ပြည်သူ့စစ်များ (အမျိုးအစား ၂) အား မှီခိုရသဖြင့် ထိန်းချုပ်မှုရှိနေပြီး၊ ၎င်း မြို့နယ်နှစ်ခုစလုံးတွင် အပစ်ခတ်ရပ်စဲထားသော အဖွဲ့များ ထိန်းချုပ်ထားသော နယ်မြေလည်း ပါဝင်သည်။

- မြေပြင်နယ်နိမိတ်ချင်း ထိစပ်နေသော အခြားသောမြို့နယ် ၉ မြို့နယ် (၁၈%) ရှိသည်၊ ၎င်းမြို့များတွင် ခုခံတော်လှန်ရေးအင်အားစုများသည် တိုးပွားများပြားလာသောနယ်မြေများ (အမျိုးအစား ၄ နှင့် ၆) တွင် ထိန်းချုပ်မှုတိုးချဲ့နေပြီး၊ ၂၀၂၃ အောက်တိုဘာမှ စတင်ကာ မြို့၄ မြို့တွင်  ခုခံတော်လှန်ရေးတိုက်ခိုက်မှု  ၂၉ ကြိမ် မှ ၇၀ကြိမ်ကြား ဖြစ်ပွားခဲ့သည်။

၂၀၂၂ ခုနှစ်မှစ၍:

- စစ်အုပ်စု၏တည်ငြိမ်သောထိန်းချုပ်မှုအောက်တွင်ရှိခဲ့သော နယ်စပ်မြို့နယ် ၄ မြို့နယ်အနက် ယခု တစ်မြို့သာ ကျန်ရှိတော့သည်။

- အိန္ဒိယနယ်စပ်ရှိ မြို့နယ် ၁၄ မြို့နယ်အနက်၊ ၉၀% ထက်မကသော ခုခံတော်လှန်ရေးထိန်းချုပ်မှုရှိသော မြို့နယ် (အမျိုးအစား ၇ နှင့် ၈) သည် ၁ (၇%) မှ ၇ (၅၀%) သို့တိုးမြှင့်လာခဲ့ပြီး၊ စစ်အုပ်စု တည်ငြိမ်စွာထိန်းချုပ်မှုရှိသော မြို့နယ် (အမျိုးအစား ၁) မှာ ၃ (၂၁%)  မှ ၁ (၇%) အထိ လျော့ကျသွားသည်။ ခုခံတော်လှန်ရေးအဖွဲ့အစည်းများသည် မြို့နယ် ၁၃ (၉၃%) တွင် အနည်းဆုံး နယ်မြေ (အမျိုးအစား ၄-၈) အချို့ကို ထိန်းချုပ်ထားသည်။

- တရုတ်နယ်စပ်ရှိ မြို့နယ် ၁၈ မြို့နယ်အနက် ခုခံတော်လှန်ရေးထိန်းချုပ်မှု အပြည့်အဝရှိသော မြို့နယ် (အမျိုးအစား ၈) အရေအတွက်သည်  ၆ (၃၃%) မှ ၁၁ (၆၃%) သို့ အများစုအနေဖြင့် တိုးလာပြီး၊ စစ်အုပ်၏ တည်ငြိမ်သောထိန်းချုပ်မှုမှာ

သုည (အမျိုးအစား ၁) အဖြစ် ဆက်လက်ရှိနေသည်။ စစ်အုပ်စုသည် ၎င်း၏ လက်အောက်ခံကိုယ်စားလှယ် ပြည်သူ့စစ်များ မှတဆင့် ဝင်ရောက်နိုင်စွမ်းရှိထားသော မြို့နယ်များ၏ အရေအတွက်မှာ ၆ (၃၃%) မှ ၃ (၁၇%) သို့ လျော့ကျလာသည်။ နောက်ထပ် ၂ မြို့နယ် (၁၁%) တွင် ၉၀% သော ခုခံတော်လှန်ရေးထိန်းချုပ်မှုရှိသည်။

- ထိုင်းနိုင်ငံနယ်စပ်ရှိ မြို့နယ် ၁၇ မြို့နယ်အနက် ၉၀% ထက်မကသော ခုခံတော်လှန်ရေးထိန်းချုပ်မှုရှိသော မြို့နယ် အရေအတွက် ၃ (၁၈%) မှ ၈ (၄၇%) သို့ တိုးလာပြီး၊ စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက်ရှိ အရေအတွက်သည် သုည အဖြစ် ဆက်လက်ရှိနေသည်။ ထိုင်းနိုင်ငံနယ်စပ်ရှိ မြို့နယ်အားလုံးတွင် ခုခံတော်လှန်ရေးအဖွဲ့အစည်းများသည် အနည်းဆုံး နယ်မြေအချို့ကို ထိန်းချုပ်ထားသည်။

## မြို့ငယ်များနှင့် မြို့ကြီးများ

- ခုခံတော်လှန်ရေးလှုပ်ရှားမှုများသည် အာဏာစတင်သိမ်းသည့်အချိန်မှစ၍ မြို့ငယ်များနှင့် မြို့ကြီးများတွင် ကျယ်ပြန့်နေခဲ့ သည်။ လက်ရှိအခြေအနေအရ မည်သည့်မြို့ကြီးကမှ ပုံမှန် ပဋိပက္ခနှင့် လွတ်ကင်းသည်ဟူ၍မရှိသေးပဲ ပို၍သေးငယ်သော မြို့ကြီးများနှင့် မြို့ငယ်များသည် စစ်အုပ်စု၏ ထိန်းချုပ်မှုပြင်ပတွင် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ရှိနေသည်။

- နိုင်ငံတစ်ဝန်းရှိ မြို့ငယ်များနှင့် မြို့ကြီးများ စုစုပေါင်း ၇၀ အား ခုခံတော်လှန်ရေးအင်အားစုများမှ အပြည့်အဝထိန်းချုပ် ထားသည် (ပုံ ၂ တွင်ကြည့်ရှုပါ)။ အာဏာစတင်သိမ်းသည့်ကာလမှစ၍ ခုခံတော်လှန်ရေးအင်အားစုများမှ အပြည့် အဝထိန်းချုပ်ထားသော ထိုမြို့ငယ်များနှင့် မြို့ကြီးများအနက် ၅၅ မြို့ငယ်နှင့် မြို့ကြီးများ (သို့မဟုတ် ၇၉%) ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအစမှစ၍ ခုခံတော်လှန်ရေးအင်အားစုများက လုံးဝ ထိန်းချုပ်နိုင်ခဲ့သည်။ မြို့ငယ် ၄ မြို့အား ၁၀၂၇ မတိုင် မီက ထိန်းချုပ်ထားခဲ့ပြီး၊ ၁၁ မြို့အား အာဏာသိမ်းမှုမဖြစ်မီကတည်းက ထိန်းချုပ်ထားခဲ့သည်။

- နိုင်ငံလုံးဆိုင်ရာ မြို့ပြလူဦးရေ (မြန်မာနိုင်ငံ၏ လူဦးရေစုစုပေါင်း ၂၉%) သည် ယေဘူယျအားဖြင့် ခန့်မှန်းထားသည်ထက် ပိုမိုကြီးမားသော အားပြိုင်ထိန်းချုပ်မှုအောက်တွင် နေထိုင်လျက်ရှိသည်။ မြို့ပြလူဦးရေစုစုပေါင်းအနက်-
  - ၃၄% သည် စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက် မကျရောက်သော မြို့နယ်များတွင် နေထိုင်လျက်ရှိ သည် (အမျိုးအစား ၂-၈)။
  - ၈၄% သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်ကာ ခုခံတော်လှန်ရေးအင်အားစုများက စစ်အုပ်စုကို တိုက်ခိုက် ခဲ့သည့် မြို့နယ်များတွင် နေထိုင်လျက်ရှိသည်။
  - ၁% သာ ၂၀၂၃ ခုနှစ်တွင် ပဋိပက္ခမဖြစ်ပွားခဲ့သော မြို့နယ်များတွင် နေထိုင်လျက်ရှိသည်။
  - ၃၂% သည် ခုခံတော်လှန်ရေးအင်အားစုများက ကာကွယ်ထိန်းချုပ်ထားသော နယ်မြေ အနည်းဆုံး တစ် စိတ်တစ်ပိုင်း ပါဝင်သည့် မြို့နယ်များတွင် နေထိုင်လျက်ရှိသည် (အမျိုးအစား ၄ - ၈)၊ ယင်းအား ယေဘူယျ အားဖြင့် ဆိုလိုသည်မှာ မြို့အတွင်းမှာ စစ်အုပ်စု၏ ထိန်းချုပ်မှု အမည်ခံသာရှိသော်လည်း၊ မြို့အား ဝန်းရံထား သည့် ကျေးလက်ဒေသများ (လမ်းများ အများအပြားအပါအဝင်) ကို ခုခံတော်လှန်ရေးအင်အားစုများက ထိန်းချုပ် ထားသည့် အနေနဲ့ ရှိနေသည် ဟူ၍ဖြစ်သည်။
  - ၂% သည် တော်လှန်ရေးအင်အားစုများ၏ အပြည့်အဝ ထိန်းချုပ်မှုအောက်ရှိ မြို့နယ်များတွင် နေထိုင်လျက်ရှိ သည်။

» ၇% သည် ခုခံတော်လှန်ရေးအင်အားစုများ၏ ၉၀% ကျော် ထိန်းချုပ်မှုရှိသော မြို့နယ်များတွင် နေထိုင်လျက်ရှိသည်၊ အချင်းရပ်များစွာကို အခြေခံ၍ အနက်ဖွင့်မည်ဆိုလျှင် ပင်မမြို့အား ခုခံတော်လှန်ရေးအဖွဲ့အစည်းများက ထိန်းချုပ်ထားပြီး၊ စစ်အုပ်စုကို နီးစပ်ရာ တောင်ထိပ်စခန်းများသို့ တွန်းထုတ်ထားသည် ဟု ဆိုလိုခြင်းဖြစ်သည်။



၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ကောလင်းမြို့အား PDF၊ ကချင်လွတ်မြောက်ရေး တပ်မတော်နှင့် အာရက္ခတပ်တော်တို့ ပူးပေါင်း သိမ်းပိုက်ပြီးနောက် NUG ၏ PDF အလံအား ၎င်းမြို့နယ်အုပ်ချုပ်ရေးရုံး၏ အထက်တွင် လွှင့်တင်ထားသည်ကို မြင်တွေ့ရစဉ်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလလယ်တွင် ကောလင်းမြို့အတော်များများအား ပျက်စီးသွားစေသည့်အပြင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ ထောင်ချီလာစေသည့် စစ်အုပ်စု၏ ပြင်းထန်သော လေကြောင်းတိုက်ခိုက်မှုများ၊ အမြောက်ပစ်ခတ်မှုများနှင့် မီးရှို့တိုက်ခိုက်မှုများကြောင့် ခုခံတော်လှန်ရေးအင်အားစုများသည် ၎င်းမြို့မှဆုတ်ခွာခဲ့ရသည်။ (NUG ကာကွယ်ရေးဝန်ကြီးဌာန)

- စစ်အုပ်စုသည် ပုံမှန်အားဖြင့် ခုခံတော်လှန်ရေးအင်အားစုများ၏ အပြည့်အဝ သို့ တစ်စိတ်တစ်ပိုင်း ထိန်းချုပ်မှုအောက်ရှိ မြို့များကို လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများဖြင့် အမြဲတမ်းလိုလို ပစ်မှတ်ထားတိုက်ခိုက်လေ့ရှိပြီး အထူးသဖြင့် ဆေးရုံများ၊ ဈေးများ နှင့် အခြား အရပ်သားများအတွက် အချက်အချာကျသည့် အဆောက်အအုံများကို မကြာခဏတိုက်ခိုက်လေ့ရှိသည်။

- မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူများသည် ရန်ကုန်မြို့၏ ကန့်သတ်နယ်မြေများတွင် အချိန်အများစုကို ကုန်ဆုံးပါက မြို့ပြလူနေမှုဘဝအပေါ် အထင်အမြင်လွဲမှားစေနိုင်ပါသည်၊ အဆိုပါနယ်မြေများတွင် စစ်တပ်၏ဖြို့ခွင်းမှု နှင့် တင်းကျပ်သော အစီအမံများကြောင့် ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ ရန်ကုန်မြို့နယ် အချိုးအစား အရေအတွက်သည် ၂၀၂၂ ခုနှစ်တွင် ၂၄% (၁၁ မြို့နယ်) မှ ၂၀၂၄ ခုနှစ်တွင် ၆၇% (၃၀ မြို့နယ်) သို့ တိုးလာခဲ့သည်။ သို့ပေသော်ငြား
    - » ရန်ကုန်မြို့ရှိ မြို့နယ် ၃၃% တွင် စစ်အုပ်စုအား ပုံမှန်အားဖြင့် ခုခံတော်လှန်သော တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။
    - » ၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်မြို့ရှိ မြို့နယ် ၆၀% တွင် လစဉ်အနည်းဆုံး တစ်ကြိမ် ပဋိပက္ခဖြစ်ပွားမှုတခု ဖြစ်ပွားခဲ့သည်၊ ဤတွင် ရင်းမြစ်မသိရှိသော ပေါက်ကွဲမှုများ သို့မဟုတ် သေနတ်ပစ်မှုများ၊ လူငယ်များနှင့် အခြားအရပ်သားများကို ဖမ်းဆီးမှုများ၊ အဓမ္မ စစ်မှုထမ်းစေခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်မှုများ ပါဝင်သည့် ဖြစ်စဉ်များလည်း ဖြစ်ပွားခဲ့သည်။



SPECIAL ADVISORY COUNCIL · MYANMAR · SAC-M

» ၂၀၂၃ ခုနှစ်တွင် မည်သည့် ပဋိပက္ခဖြစ်ပွားမှုများကိုမျှ မကြုံတွေ့ခဲ့သော မြို့နယ်နှစ်ခုသာ (၎င်းတို့အနက်တစ်ခုမှာ ပင်လယ်ရေနက်ပိုင်း မြို့နယ် ဖြစ်သည့် ကိုကိုးကျွန်း) ရှိသည်။

- နေပြည်တော်ခရိုင်ရှိ မြို့နယ် ၈ မြို့နယ်လုံးသည် စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက်တွင် ရှိနေသော်လည်း (အမျိုးအစား ၁)၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်ကာ မြို့နယ် ၃ မြို့နယ်တွင် ဒရုန်းဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှုများ အပါအဝင် ခုခံတော်လှန်ရေးတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ထိုနယ်မြေများနှင့် အနီးအပါး မြို့နယ်များတွင် အားပြိုင်မှုများ တဖြည်းဖြည်း တိုးလာလျက်ရှိသည်။ နေပြည်တော်ခရိုင်နှင့် ထိစပ်နေသော မြို့နယ် ၉ မြို့နယ်အနက် -

  » ၂ မြို့နယ် (၂၂%) သာ စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှုအောက်တွင် ရှိသည် (အမျိုးအစား ၁)။

  » ၇ မြို့နယ် (၇၈%) တွင် စစ်အုပ်စု၏ အင်အားစုများအပေါ် ပုံမှန် တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

  » ၄ မြို့နယ် (၄၄%) တွင် ခုခံတော်လှန်ရေးနယ်မြေများ ပါဝင်နေပြီး (အမျိုးအစား ၆ - ၈)၊ ၎င်းတို့အနက် ၂ မြို့နယ် (၂၂%) တွင် ၉၀% သော ခုခံတော်လှန်ရေးထိန်းချုပ်မှု (အမျိုးအစား ၇) ရှိသည်။

  » နေပြည်တော်ခရိုင်၏ အရှေ့ဘက်ရှိ မြို့နယ်များသည်  တမြို့ချင်းစီတွင် ခုခံတော်လှန်ရေးထိန်းချုပ်မှု အနည်းဆုံး ၉၀% ရှိသော (အမျိုးအစား ၇-၈)  မြို့နယ် ၁၉ မြို့နယ် အစုအဝေးနှင့် ချိတ်ဆက်ထားသည်။

  » နေပြည်တော်၏ တောင်ဘက်တိုက်ရိုက်တွင် (ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီး အများစုကို ဖုံးလွှမ်းထားသည့်) ထိစပ်လျက်ရှိသည့် မြို့နယ် ၇ မြို့နယ်အစုအဝေးနှင့် ပဲခူးရိုးမ၏ အစိတ်အပိုင်းများတွင် စစ်အုပ်စု၏ ထိန်းချုပ်မှု ဆုတ်ယုတ်လာသည့်အတွက် ခုခံတော်လှန်ရေးနယ်မြေများ တိုးပွားလာလျက်ရှိသည် (အမျိုးအစား ၆)။

## ကိုယ်စားလှယ်များ (Proxies) နှင့် အပစ်ရပ် အဖွဲ့များ

- စစ်အုပ်စုသည် ၁၉၆၀ ပြည့်နှစ်များကတည်းက သုံးစွဲခဲ့သည့် (နယ်ခြားစောင့်တပ်ဖွဲ့များ အပါအဝင်) လက်အောက်ခံကိုယ်စားလှယ် ပြည်သူ့စစ်များမှတဆင့် နိုင်ငံ၏အရေးပါသော နယ်မြေအချို့ကို ထိန်းချုပ်နိုင်စွမ်းသည်  လျော့ကျလာပြီ ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် စစ်အုပ်စု၏ လက်အောက်ခံကိုယ်စားလှယ်ဖြစ်သော ပြည်သူ့စစ်များမှ တစ်ဆင့် ကြီးစိုးလွှမ်းမိုး ထိန်းချုပ်ထားသော မြို့နယ် ၂၁ မြို့နယ်အနက် (အမျိုးအစား ၂) -

  » သုံးပုံတစ်ပုံ (၇ မြို့နယ်) သာ ဤအခြေအနေတွင် ကျန်ရှိနေသည်။ (အမျိုးအစား ၂)

  » လေးပုံတစ်ပုံ (၅ မြို့နယ်) သည် ယခုအခါ ခုခံတော်လှန်ရေးအင်အားစု၏ အပြည့်အဝ ထိန်းချုပ်မှုအောက်တွင် ရှိနေပြီး ၎င်းတို့အနက် အများစုသည် ကိုးကန့်ဒေသအတွင်း သို့မဟုတ် ၎င်းနှင့်ထိစပ်နေသော နေရာတွင် ရှိနေသည်။ (အမျိုးအစား ၈)

  » မြို့နယ် ၄ မြို့နယ်တွင် ခုခံတော်လှန်ရေးနယ်မြေများ တိုးပွားလာလျက်ရှိသည်။ (အမျိုးအစား ၄ နှင့် ၆)

- ၂၀၂၂ ခုနှစ်တွင် ခုခံတော်လှန်ရေးအင်အားစုများ အင်အားကြီးမားသော ထိန်းချုပ်မှုရှိပြီးသည့် မြို့နယ်များ (ကရင်၊ ကရင်နီ သို့မဟုတ် ကချင်ဒေသများ အစရှိသည်တို့) တွင် လှုပ်ရှားနေသော စစ်အုပ်စု၏ လက်အောက်ခံကိုယ်စားလှယ် ပြည်သူ့စစ်များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များသည် ကြားနေ ရပ်တည်ချက်များကို ခံယူရန် ကြိုးပမ်းစဉ်တွင် လုံးဝ ဘက်ပြောင်းသွားသည် ဖြစ်စေ၊ စစ်အုပ်စု၏ ခုခံတော်လှန်ရေးအဖွဲ့များအပေါ် တိုက်ခိုက်မှုများအတွက် ထောက်ပံ့မှုများအား  ထိမ်ချန်ထားသည်ဖြစ်စေ၊ လုပ်ဆောင်သည်ကို တွေ့ရှိရသည်။

- အပစ်အခတ်ရပ်စဲမှုအသက်ဝင်၍ စစ်အုပ်စုမှ အခြေအနေအရ ဝင်ရောက်ခွင့်ရှိနေသော မြို့နယ်များ (အမျိုးအစား ၅) ၏ အရေအတွက်သည် ၂၀၂၂ ခုနှစ်မှ စတင်ကာ ၂၈ မြို့နယ်မှ ၁၉ မြို့နယ်သို့ လျော့နည်းလာခဲ့သည်။

- ထို ၂၈ မြို့နယ်များအနက် ၁၄ မြို့နယ်တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ခုခံတော်လှန်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှု အကြီးအကျယ် ဖြစ်ပွားခဲ့ပြီး၊ ၂၁% မှာ ခုခံတော်လှန်ရေးဘက်မှ အပြည့်အဝထိန်းချုပ်မှုအောက် ရောက်သွားခဲ့သည်၊ ၁၁% တွင် အနည်းဆုံး ၉၀% မှာ ခုခံတော်လှန်ရေး ထိန်းချုပ်မှုရှိပြီး ကျန်ရှိသည့် ၁၈% တွင် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည်၊ ၎င်းတွင် စစ်အုပ်စု၏ ထိန်းချုပ်မှုမှာလည်း ရုတ်ခြည်းဆုတ်ယုတ်လျက်ရှိပြီး ခုခံတော်လှန်ရေး ထိန်းချုပ်နယ်မြေများမှာ တိုးပွားလာလျက်ရှိသည်။




၂၀၂၄ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ လအိကျေးရွာ ပြည်သူ့ဆေးရုံအား စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့်အပြင် ဆေးဝန်ထမ်းနှစ်ဦး သေဆုံးခဲ့ပြီး ၎င်းဆေးရုံအား အပျက်အစီးများအကြားတွေ့ရှိရစဉ်။ (ကရင်နီလူ့အခွင့်အရေးအဖွဲ့)

## ကိုယ်စားလှယ်များ (Proxies) နှင့် အပစ်ရပ် အဖွဲ့များ

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များသည် စစ်အုပ်စု၏ တည်ငြိမ်သော ထိန်းချုပ်မှု၏ ပြင်ပတွင် တည်ရှိသည့်နေရာများတွင် အကြီးမားဆုံးဖြစ်သည်။ ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ (IDPs) အများစုသည် ၎င်းဒေသများတွင် ရှိပြီး၊ စစ်အုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုများအား ၎င်းဒေသများမှ ခံနေရလျက်ရှိသည်၊ ယင်းတိုက်ခိုက်မှုများတွင် အရပ်သားများနှင့် အရပ်သားအဆောက်အအုံများကို အမြဲတမ်းလိုလို ပစ်မှတ်ထားသည့်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ အင်မတန်ကြီးမားသည်။[4]

[4] See "Myanmar Humanitarian Update No. 38 | 24 May 2024", OCHA, available at: https://www.unocha.org/publications/report/myanmar/myanmar-humanitarian-update-no-38-24-may-2024#:~:text=The%20next%20humanitarian%20update%20will%20be%20issued%20mid%2DJune%202024.&text=The%20humanitarian%20crisis%20in%20Myanmar,driving%20record%20levels%20of%20displacement. (May 2024).

- စစ်အုပ်စုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းမဖြစ်ဖြစ်အောင် ဆက်တိုက် မီးမွှေးလျက်ရှိပြီး ၎င်းအား ခုခံတော်လှန်မှုကို ဟန့်တားရန် မဟာဗျူဟာတစ်ခုအဖြစ် အသုံးပြုခြင်းဖြစ်သည်။ ၎င်းဗျူဟာ၏ အစိတ်အပိုင်းတစ်ခုမှာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့် အဖွဲ့များကို ခုခံတော်လှန်ရေး အင်အားအရှိဆုံးနေရာများသို့ ဝင်ရောက်ခွင့်မပြုခြင်းဖြစ်သည်။ သို့သော် စစ်အုပ်စုကိုယ်တိုင်ကလည်း ၎င်းကိုယ်တိုင်လက်သည်အဖြစ် ဖြစ်ပွားစေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း အကြီးအကျယ် ဖြစ်ပွားနေသောနေရာများသို့ ဝင်ရောက်နိုင်စွမ်း အားနည်းသကဲ့သို့ လွတ်လပ်စွာသွားလာနိုင်ခြင်းလည်း မရှိပေ။




၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့အထိ ဒေသအလိုက် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ ကိန်းဂဏန်းအရေအတွက်အပေါ် ကုလသမဂ္ဂ၏ ခန့်မှန်းချက်များအား ပြသော မြန်မာနိုင်ငံမြေပုံ။ (UNOCHA Myanmar)



# ၆။ ထပ်လောင်းအကဲဖြတ်ခြင်း

၂၀၂၄ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကော်ဘရာစစ်ကြောင်းနှင့် ကျားသစ်နက်စစ်ကြောင်း ခုခံတော်လှန်ရေး တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံ တောင်ဘက်ခြမ်း၌ လေ့ကျင့်ရေး သင်တန်းဆင်းပွဲ အခမ်းအနားတွင် NUG နှင့် ကရင်လူမျိုး အလံများအား လွှင့်တင်အလေးပြုကြသည်ကို တွေ့ရစဉ်။ (ကျားသစ်နက်စစ်ကြောင်း ရန်ပုံငွေရှာဖွေရေးအဖွဲ့)

အထက်ဖော်ပြပါ မြေပုံများနှင့် အခရာကျသော လေ့လာတွေ့ရှိချက်များအပြင်၊ SAC-M ၏ ထိရောက်သော ထိန်းချုပ်မှုနှင့် စပ်လျဥ်းသည့် ၂၀၂၂ခုနှစ် စာတမ်းကို အခြေခံ၍၊ နိုင်ငံတကာစံနှုန်းများနှင့် စပ်လျဉ်းပြီး ထိရောက်သောထိန်းချုပ်မှုအား သတ်မှတ်ရန် SAC-M သည် အောက်ပါ ထပ်လောင်း ခြုံငုံအကဲဖြတ်ချက်များကို ထုတ်ပြန်ထားသည်။

## နယ်မြေထိန်းချုပ်မှု

- စစ်အုပ်စုသည် အစိုးရတာရပ်၏ အခြေခံတာဝန်များကို ထမ်းရွက်ရန်အလို့ငှာ မြန်မာနိုင်ငံ၏ လုံလောက်သော နယ်မြေများကို ထိန်းချုပ်ထားခြင်း မရှိပါ။
- စစ်အုပ်စု၏ နယ်မြေထိန်းချုပ်မှုသည် အထူးသဖြင့် ကန့်သတ်ခြင်းခံထားရသည်၊ ၎င်းမှာနိုင်ငံတကာနယ်နိမိတ်များနှင့်တကွ လမ်းအများစုအား စစ်အုပ်စုအနေနှင့် မြေပြင်မှ ဝင်ရောက်နိုင်စွမ်း မရှိခြင်းကြောင့် ဖြစ်သည်။
- စစ်အုပ်စုသည် အရေးပါသော နယ်မြေများကို ပယ်ခွာထားရပြီး ၎င်းလက်ရှိတည်ရှိနေသည့် နိုင်ငံ၏ ဒေသအများစုတွင် ခံစစ်အသွင်ဆောင်ရန် တွန်းအားပေးခံနေရသည်။
- မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသများတွင်ပင်လျှင် စစ်အုပ်စုက ယခုချိန်ထိ အဓိကအားဖြင့် ထိန်းချုပ်ထားသော်လည်း ၎င်းအနေဖြင့် ဖိအားများနှင့် ရင်ဆိုင်နေရသည်၊ ၎င်းဒေသများတွင် စစ်အုပ်စုအနေနှင့် အားကောင်းပြီး တစ်စုတစ်စည်းတည်းဖြစ်နေသည်ဟူသော အထင်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေလေသည်။
- ခုခံတော်လှန်ရေးတပ်ဖွဲ့များသည် အားလုံးစုပေါင်းသောအခါ စစ်အုပ်စုထက် နယ်မြေများတွင် ပိုမို ထိန်းချုပ်ထားနိုင်သော်လည်း မည်သည့်အဖွဲ့မျှ တစ်နိုင်ငံလုံးအပေါ် လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော အာဏာအား ဖော်ဆောင်နိုင်ခြင်း မပြုနိုင်ချေ။

## လူထုလက်ခံမှု

- စစ်အုပ်စုသည် အာဏာသိမ်းပြီးသည့်အချိန်မှစတင်၍ အုပ်ချုပ်ကြီးစိုးရန် ကြိုးပမ်းမှုများအတွက် တည်တံ့ကျယ်ပြန့်သော ခုခံတော်လှန်မှုများကို ၎င်းအနေနှင့် ရင်ဆိုင်ခဲ့ရသည်။ ၎င်းသည် အစိုးရတရပ် အဖြစ် မျက်မြင်ထင်ရှား ငြင်းပယ်ခြင်းခံထားရသည်။
- ခုခံတော်လှန်ရေးသည် မြန်မာနိုင်ငံအနှံ့၌ အမြစ်ခိုင်တွယ်လျက်ရှိသည်။ ခုခံတော်လှန်ရေး လှုပ်ရှားမှုများကို နိုင်ငံ၏ မည်သည့်အပိုင်းတွင်မှ စစ်အုပ်စုအနေနှင့် နှိမ်နင်းနိုင်ခြင်း သို့ ငြိမ်ဝပ်ပိပြားစေနိုင်ခြင်း မရှိသေးပေ။

## အစိုးရ လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲနိုင်စွမ်း

- မြန်မာနိုင်ငံတဝှမ်း အုပ်ချုပ်ရေးစွမ်းရည်မှာ အားနည်းလျက်ရှိသည်။
- အစိုးရလုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ စစ်အုပ်စု၏ စွမ်းဆောင်ရည်သည် အဘက်ဘက်အားဖြင့် ကြီးမားစွာ အားနည်းလျော့ကျသွားပြီး၊ အချို့အခြေအနေများ၌ ခုခံတော်လှန်ရေးအင်အားစု ထိန်းချုပ်နေသည့်နေရာများတွင် ၎င်း၏ စီမံခန့်ခွဲနိုင်စွမ်းမှာ လုံးဝပြိုလဲသွားပါသည်။
- စစ်အုပ်စု၏ လက်ကျန် ထိန်းချုပ်မှုစွမ်းရည်ကို အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်လာသည့် အကျပ်အတည်းများ၏ သက်ရောက်မှုများမှ ၎င်းကိုယ်၎င်း ကာကွယ်ရန် သို့မဟုတ် ခုခံတော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ရန်နှင့် အရပ်သားများအား အစုအစည်းလိုက် အပြစ်ပေးရန်အတွက်သာ အဓိကအားဖြင့် အသုံးပြုသည်။
- ခုခံတော်လှန်ရေးအဖွဲ့အစည်းများတွင် အစိုးရလုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲရန်နှင့် ဝန်ဆောင်မှုများ ပေးဆောင်ရန်အတွက် မတူညီသောစွမ်းရည်များရှိသည်။
- အချို့သော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) မှာ ကောင်းမွန်စွာ ထူထောင်ထားပြီးဖြစ်သော အုပ်ချုပ်ရေးစနစ်များ ရှိသည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ တရားရေး နှင့် အခြားလုပ်ငန်းဆောင်တာများမှတဆင့် သန်းနဲ့ချီသော ပြည်သူများကို စုစုစည်းစည်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) မှ မသင်မနေရအဆင့် ကျောင်း ၅,၀၀၀ ကျော်ကို စီမံခန့်ခွဲလျက်ရှိပြီး၊ ဆေးခန်းနှင့် ဆေးရုံ ၅၀၀ ခန့်ကို လည်ပတ်ကာ မိတ်ဖက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)[5] နှင့်အတူတကွ တစ်လလျှင် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူ (IDPs) ၃၀၀,၀၀၀ မှ ၄၀၀,၀၀၀ အား ထောက်ပံ့မှုများ ပံ့ပိုးပေးလျက်ရှိသည်။ အခြားခုခံတော်လှန်ရေးနယ်မြေများတွင် ကျေးရွာနှင့် မြို့နယ်အဆင့် အဖွဲ့အစည်းများသည် ဝန်ဆောင်မှုများကို ရေရှည်တည်တံ့နိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိပြီး၊ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (Karenni State Interim Executive Council) ကဲ့သို့သော အသစ်ဖွဲ့စည်းထားပြီး အရေးပါသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များကို ခုခံတော်လှန်ရေးအင်အားစုများအကြား ညှိနှိုင်းမှုများဖြင့် ဖွဲ့စည်းထားသည်။
- ခုခံတော်လှန်ရေးအဖွဲ့အစည်းများသည် နိုင်ငံတကာထောက်ပံ့မှု အနည်းဆုံးမျှသာရရှိပြီး နှစ်ပရိစ္ဆေဒများစွာ ပဋိပက္ခနှင့် အိုးမဲ့အိမ်မဲ့များ၏ ဆိုးကျိုးများကို ခံစားနေရသော ၎င်းတို့၏ဒေသအတွင်း များပြားလာသော လူဦးရေ၏ ကြီးမားလှသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရောမဖိအားများနှင့် ရင်ဆိုင်နေရလျက်ရှိသည်။

[5] See "Announcement: Interim Implementation of Local Administration and Social Services," NUG, available at: https://gov.nugmyanmar.org/announcement-interim-implementation-of-local-administration-and-social-services/ (March 2024).

# ရေရှည်တည်တံ့နိုင်မှု၏ အတိုင်းအတာ

- လက်ရှိတွင် ပဋိပက္ခ၏ ရလဒ်မှာ အတိအကျ မပြတ်သားသေးပါ။
- အာဏာသိမ်းပြီးချိန်မှစတင်၍ ယေဘုယျအားဖြင့် ပဋိပက္ခ၏ ဦးတည်ရာလမ်းကြောင်းမှာ ခုခံတော်လှန်ရေးအင်အားစုများ နိုင်ပွဲများနှင့် စစ်အုပ်စုတို့ ရှုံးပွဲများပင်ဖြစ်သည်။ ဤလမ်းကြောင်းသည် ၂၀၂၂ ခုနှစ်မှစတင်ကာ တောက်လျှောက်တည်တံ့ လျက်ရှိပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ တစ်ဟုန်ထိုး အရှိန်အဟုန်မြင့်တက်လာသည်။
- စစ်အုပ်စုသည် သာလွန်ကောင်းမွန်သည့် လက်နက်အင်အား ရှိသော်လည်း ဆုံးရှုံးသွားသော နယ်မြေများကို ပြန်လည် သိမ်းပိုက်နိုင်စွမ်း နည်းပါးလှကြောင်း ထင်ရှားစွာ မြင်ရပြီးဖြစ်သည်။
- စစ်အုပ်စုကို အပြီးသတ်အနိုင်ယူခြင်းသည် ချက်ချင်းမဖြစ်နိုင်သည့်အပြင် အခိုင်အမာပြော၍ မရသော်လည်း မဖြစ်နိုင်သော အရာမဟုတ်ပေ။ တစ်ဖက်တွင်လည်း စစ်အုပ်စုကို ခုခံတော်လှန်ခြင်းမှာ ဆက်လက်ကြီးထွားလာပြီး ရပ်တန့်သွားမည့် လက္ခဏာ မပြပေ။
- ဒီမိုကရက်တစ်တော်လှန်ရေး၏ တောင်းဆိုချက်များအတိုင်း စစ်အုပ်စုက အညံ့ခံအရှုံးပေးမည်ဟူသော အရိပ်အယောင်များ လည်းမရှိပါ။ ၎င်း၏ ပင်မ မဟာဗျူဟာသည် ပြင်းထန်အစွန်းရောက်သော အကြမ်းဖက်မှုများနှင့် အာဏာရှင်ဆန်သည့် အစီအမံများအား အသုံးပြု၍ ခုခံတော်လှန်မှုကို အနိုင်ယူရန် ရည်ရွယ်ထားကြောင်း၊ အပြောင်းအလဲမရှိ၊ တစ်သမတ်ကျကျ ဖြင့် အထင်အရှား လက်တွေ့ ပြထားသည်။ ဤမှ ပြောင်းလဲရန်လည်း လက္ခဏာ မရှိချေ။
- မည်သို့ပင်ဆိုစေ၊ လက်ရှိ စစ်အုပ်စုခေါင်းဆောင်ပိုင်း၏ အတွင်းပိုင်း ပြိုလဲမှုဖြစ်ပေါ်နိုင်ခြေက မြင့်မားလာနေသည်။ လက်ရှိ ခေါင်းဆောင်မှုမှာ ကျရှုံးလျက်ရှိပြီး စစ်တပ်တခုလုံးအတွက် သော်လည်းကောင်း၊ စစ်ခေါင်းဆောင်များ တဦးချင်းအတွက် သော်လည်းကောင်း၊ ကြီးကြီးမားမား နစ်နာဆုံးရှုံးနေရသည်။ ကျရှုံးနေသော စစ်အုပ်စုအပေါ် မကျေနပ်မှုများ မြင့်မားသထက် မြင့်မားနေလိမ့်မည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သောအခါ 'အာဏာသိမ်းမှုထဲတွင်မှ တစ်ဖန်အာဏာသိမ်းမှု' တရပ် ဖြစ်ပွားဖူးခဲ့ ပြီး ထပ်မံလည်းဖြစ်ပေါ်နိုင်သည်။ နောက်ဆက်ခံသော ခေါင်းဆောင်များသည် လက်ရှိထက် ပိုမိုဆိုးရွားနိုင်သကဲ့သို့ ပဋိပက္ခ ကို ဖြေရှင်းရန်အတွက် ပိုမိုဆန္ဒရှိနိုင်သည်လည်း ဖြစ်နိုင်သည်။




# ၇။ ကောက်နုတ်ချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ လမ်းမများပေါ် ၌ စစ်အုပ်စု ဆန့်ကျင်ရေး ဆန္ဒပြသူများအားတွေ့မြင်ရစဥ်။ (ဟိန်းထက်/ဧရာဝတီ)

အာဏာသိမ်းပြီးနောက်မှစတင်ကာ မြန်မာနိုင်ငံတွင် အားပြိုင်မှုနှင့် ထိန်းချုပ်မှုများဆိုင်ရာ အခြေခံကျသော အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံတကာဆိုင်ရာ သက်ဆိုင်သူများအနေဖြင့် အသစ်နှင့် ပေါ်ပေါက်လာသော အခြေအနေများအား အသိအမှတ်ပြု၍ တုံ့ပြန်ရမည်ဖြစ်သည်။ ဖြစ်ပေါ်နေသော ပြောင်းလဲမှုများသည် ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး၊ မည်သည့် ပါဝင်ပတ်သက်သူ တဦး၊ တဖွဲ့တည်းဖြင့် တဖက်သပ် ရပ်တန့်စေနိုင်မည့် အခြေအနေ မဟုတ်တော့သည့်အထိ ရောက်ရှိနေသည်မှာ ကြာမြင့်လှပြီပင်ဖြစ်သည်။ မြန်မာစစ်အုပ်စုကို နိုင်ငံရေးအာဏာမှ ဖယ်ရှားပြီး ဖက်ဒရယ်ဒီမိုကရေစီ ထူထောင်ရန်အတွက် တနိုင်ငံလုံးအလိုက် တော်လှန်အုံကြွမှုကြီးတရပ်ကြောင့် ပဋိပက္ခ ဆက်လက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ သို့ပေသော်ငြား စစ်အုပ်စုသည် ဤတောင်းဆိုချက်များကို လက်ခံရန် ငြင်းဆိုလျက်ပင်။ စစ်အုပ်စုသည် စစ်မှန်သော ဒီမိုကရေစီအတွက် နိုင်ငံရေးလမ်းပြမြေပုံကို ညှိနှိုင်းရန် ဆန္ဒရှိကြောင်း မပြသလို၊ ခုခံတော်လှန်ရေးအင်အားစုအများစုသည် နိုင်ငံရေး အပြောင်းအလဲမဖြစ်အောင် တားဆီးရန် စစ်အုပ်စုမှ သုံးသော အပေါ်ယံ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများတွင် ပါဝင်ရန် ဆန္ဒမရှိကြတော့ပေ။ ပဋိပက္ခ မည်သို့ ချုပ်ငြိမ်းမည်ကို အရှင်းမသိနိုင်သေးပေ။

တိုင်းပြည်အပေါ် ထိရောက်စွာ ထိန်းချုပ်နိုင်မှုရှိရန်လိုအပ်သည့် စံနှုန်းများနှင့် ကိုက်ညီခြင်းမရှိသလို ထိရောက်သော ထိန်းချုပ်မှုကို ထူထောင်နိုင်စွမ်းရှိကြောင်းလည်း လက်တွေ့မပြနိုင်သောကြောင့် သက်သေပြနိုင်သည့်အချက်မှာ စစ်အုပ်စုသည် လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော တရားဝင် (de facto) အစိုးရ မဟုတ်ကြောင်းပင်ဖြစ်သည်။ စစ်အုပ်စုတို့အပေါ် ခုခံတော်လှန်မှုသည် ခိုင်မာပြီး နက်ရှိုင်းစွာ အမြစ်တွယ်နေသည်၊ စစ်အုပ်စုတို့ ထိန်းချုပ်မှုပြန်လည်ရရှိရန်အတွက် ပြင်ပမှကြိုးပမ်းအားထုတ်မှုများမှာလည်း အငြင်းပယ်ခံရမည်ပင်ဖြစ်ပြီး ခုခံတော်လှန်ရေးမှာ ဆက်လက်တည်မြဲနေပေလိမ့်ဦးမည်။ ပဋိပက္ခ၏ ဦးတည်ရာလမ်းကြောင်းသည် ခုခံတော်လှန်ရေးအင်အားစုများအား မျက်နှာသာပေးလျက်ရှိသောကြောင့် စစ်အုပ်စုအလွန် မြန်မာနိုင်ငံအားရည်စူး၍ အနာဂတ်ဖြစ်နိုင်ခြေများအတွက် ကြိုတင်စီစဥ်မှုများ (scenario-planning) လိုအပ်လာသည်။ ဤတွင် နောက်ထပ် အကြမ်းဖက်မှုနှင့် သွေးထွက်သံယိုမှုများ ဖြစ်နိုင်ခြေအား ပူပန်ရခြင်းမှာ အကြောင်းခိုင်လုံပေသည်။ သို့သော်လည်း ခုခံတော်လှန်ရေးအင်အားစု၏ ထိန်းချုပ်မှုပိုမိုရှိသည့် နယ်မြေများအတွင်းနှင့် ၎င်းနယ်မြေများအကြားရှိသော တည်ငြိမ်



SPECIAL ADVISORY COUNCIL SAC-M MYANMAR

မှု အတိုင်းအတာ ပိုမိုမြင့်မားနေခြင်းသည် စစ်အုပ်စုသည် အကြမ်းဖက်မှုနှင့် တည်ငြိမ်မှုမရှိခြင်း၏ အဓိကရင်းမြစ်ဖြစ်သည်ကို ရှင်းလင်းစွာ မီးမောင်းထိုးပြနေသည်။ ပြောဆိုစွပ်စွဲချက်များအရ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာများနှင့် အခြားအသိုင်းအဝိုင်းများအပေါ် စစ်တပ်အပါအဝင် အာရက္ခတပ်တော် နှင့် အခြားလက်နက်ကိုင်အဖွဲ့များမှ စိုးရိမ်ဖွယ်ရာ တိုက်ခိုက်မှုများ ကျူးလွန်နေကြောင်းဟူသည်က ဤအတွက် ကြီးမားသော ခြွင်းချက်ပင်ဖြစ်သည်။ စစ်အုပ်စုသည် ဒီမိုကရက်တစ်တော်လှန်ရေး၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးမည့် အရိပ်အယောင်များပင်မပြပဲ၊ အဆုံးစွန်သော အကြမ်းဖက်မှုများနှင့် ဖိနှိပ်မှုများကို ဆက်လက်ကျူးလွန်မည်ဟူ၍သာ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိသည်။ ဤအခြေအနေတွင် အုပ်ချုပ်မှုစွမ်းရည်မှာ နိုင်ငံအနှံ့ အားနည်းလျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အခရာကျသော ဝန်ဆောင်မှုလုပ်ငန်းများအား လိုအပ်နေမှုများမှာ ကြီးမားတိုးပွားလာလျက်ရှိသည်။

SAC-M အနေဖြင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အလျင်မြန်ဆုံးနှင့် အသေချာဆုံး လမ်းကြောင်းမှာ မြန်မာပြည်သူများ၏ ဖက်ဒရယ်ဒီမိုကရေစီနှင့်စပ်လျဉ်းသည့် ရည်မှန်းချက်ဆန္ဒများအား အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြစ်သည်ကို မိမိတို့ ထင်မြင်ကြောင်း အခိုင်အမာပြောကြားလိုသည်။ ထို့ကြောင့် ယခုကဲ့သို့သော ရှုပ်ထွေးပြီး အပြောင်းအလဲများစွာဖြစ်နေသော အကျပ်အတည်းကို အပြုသဘောဆောင်၍ တုန့်ပြန်ဖြေရှင်းရန်အလို့ငှာ နိုင်ငံတကာ သက်ဆိုင်သူများအနေဖြင့် မြေပြင်ပေါ်ရှိ အနေအထားများကို အသိအမှတ်ပြုရန်နှင့် ၎င်းရလဒ်အတွက် ကူညီဖော်ဆောင်ပေးရန် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ တာဝန်ဝတ္တရားများအား ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန် လိုအပ်သည်။ ဆိုလိုသည်မှာ စစ်အုပ်စုသည် လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော အစိုးရဖြစ်သည် သို့မဟုတ် ဖြစ်လာလိမ့်မည်ဟူသော မှားယွင်းသော ယူဆချက်များအပေါ် အခြေခံ၍ ချမှတ်ထားသော မူဝါဒများကို ချက်ချင်း ပြန်လည်ပြင်ဆင်ရုံသာမက၊ ဒီမိုကရက်တစ်တော်လှန်ရေး၏ တောင်းဆိုချက်များကို လျော့ပါးချုပ်ချယ်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အဟန့်အတားဖြစ်စေသော ပြင်ပဖြေရှင်းနည်းများကို သွတ်သွင်းနေသည့် အားထုတ်မှုများအား ငြင်းပယ်ရန်လိုအပ်သည်။ မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီနှင့် စပ်လျဉ်းသည့် ရည်မှန်းချက်ဆန္ဒအမှန်များကို အကောင်အထည်ဖော်ဆောင်ရာတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ကျယ်ပြန့်သော အရပ်ဘက်လူမှုအသိုင်းအဝိုင်းတို့၏ အခန်းကဏ္ဍကို မဖြစ်မနေ ထောက်ပံ့အားပေးရမည်ဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် အပြည်ပြည်ဆိုင်ရာဖိုရမ်များတွင် သော်လည်းကောင်း၊ အကျပ်အတည်းကိုဖြေရှင်းရန် ရည်ရွယ်သော နိုင်ငံရေးလုပ်ငန်းစဉ်များတွင် သော်လည်းကောင်း၊ မြန်မာနိုင်ငံကို ကိုယ်စားပြုမှုပြုသင့်သည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ စိုးရိမ်ဖွယ်ကောင်းလှသော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို သက်သာလျော့ပါးစေရန်အတွက်၊ စစ်အုပ်စုမှ ရက်စက်ကြမ်းကြုတ်မှုများအား စနစ်တကျ ကျူးလွန်နေခြင်းမှ ပြည်သူများကို ကာကွယ်ရန် ကြိုးပမ်းမှုများကို တိုးချဲ့ကာ မြှင့်တင် အင်အားဖြည့်ဆည်းရမည်ဖြစ်သည်။ ဤကြိုးပမ်းမှုများတွင် စစ်အုပ်စုသို့ လက်နက်များ လွှဲပြောင်းပေးခြင်းအားလုံးကို တားဆီးနိုင်ရန်အတွက် ကန့်သတ်မှုများ၊ စစ်အုပ်စုအပေါ် ဦးတည်ထားသော ငွေကြေးနှင့် စီးပွားရေးပိတ်ဆို့မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများဆိုင်ရာ စွပ်စွဲချက်များအတွက် စစ်အုပ်စုခေါင်းဆောင်များကို တာဝန်ခံစေရန် ထိရောက်သော လုပ်ဆောင်မှုများ ပါဝင်သည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခဲ့သော ခုခံတော်လှန်ရေးအင်အားစုများလည်း ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်ခံစေရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ပူးပေါင်းတော်လှန်ရေးအင်အားစုများက စီမံထူထောင်ထားသော ပြည်နယ်အစိုးရများ၊ ဒေသကာကွယ်ရေးတပ်ဖွဲ့များနှင့် ကျယ်ပြန့်လှသော အရပ်ဘက်လူ့အဖွဲ့အစည်းများအနေနှင့် အစိုးရလုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲပေးခြင်းနှင့် ဝန်ဆောင်မှုများ ပေးဆောင်ခြင်းတို့တွင် ပါဝင်နေမှုကို အသိအမှတ်ပြု ထောက်ပံ့ပေးရမည်ဖြစ်သည်။ အရေးပေါ် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို စစ်အုပ်စုထက် ခုခံတော်လှန်ရေး အင်အားစုများမှ ထိန်းချုပ်မှု

ပိုမိုရှိသော နေရာများရှိ အကူအညီလိုအပ်သူများထံ ၎င်း ခုခံတော်လှန်ရေး အင်အားစုများနှင့် တိုက်ရိုက်ညှိနှိုင်းမှုပြု၍ ပေးပို့ရမည်ဖြစ်သည်။ ထို့အပြင် အစိုးရဌာနများနှင့် ဝန်ဆောင်မှုများ၏ စွမ်းရည်တည်ဆောက်ရေးအတွက် ခုခံတော်လှန်ရေးအင်အားစုများကို ထောက်ပံ့ပေးခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအား မြှင့်တင်ပေးခြင်း၊ ယင်းအပြင် နိုင်ငံဖြတ်ကျော်၍သော်လည်းကောင်း နှင့် နိုင်ငံတကာဆိုင်ရာအရသော်လည်း စိုးရိမ်ဖွယ်ကိစ္စရပ်များအား ခုခံတော်လှန်ရေးအင်အားစုများ နှင့်အတူတကွ လုပ်ဆောင်ရန် လိုအပ်သည်။ နိုင်ငံတကာစနစ်သည် မြန်မာပြည်သူများပေါ် ကာလရှည်ကြာစွာ ပျက်ကွက်ခဲ့လင့်ကစား၊ ယခုအခါ အကျပ်အတည်းသည် ဆက်လက်လျစ်လျူရှု၍ မရတော့သည့် အခြေအနေသို့ ရောက်နေပြီဖြစ်သည်။

**ယခုကဲ့သို့သော ရှုပ်ထွေးပြီး အပြောင်းအလဲများစွာဖြစ်နေသော အကျပ်အတည်းကို အပြုသဘောဆောင်၍ တုန့်ပြန်ဖြေရှင်းရန် အလို့ငှာ နိုင်ငံတကာ သက်ဆိုင်သူများအနေဖြင့် မြေပြင်ပေါ်ရှိ အနေအထားများကို အသိအမှတ်ပြုရန်နှင့် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီနှင့် စပ်လျဉ်းသည့် ရည်မှန်းချက် ဆန္ဒအမှန်များကို ကူညီဖော်ဆောင်ပေးရန် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ တာဝန်ဝတ္တရားများအား ထိန်းသိမ်းလိုက်နာ ဆောင်ရွက်ရန် လိုအပ်သည်။**

# ၈။ အကြံပြုချက်များ

## နိုင်ငံများထံသို့

- အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံ၏ အစိုးရအဖြစ် အသိအမှတ်ပြုပါရန်။ မြန်မာနိုင်ငံအတွက် အစိုးရတရပ်ကို အသိအမှတ်မပြုခြင်းသည် အဆိုပါအရေးကြီးသော အကျပ်အတည်းကြီးစဉ်ကာလ အတွင်း မြန်မာပြည်သူများ၏ နိုင်ငံတကာ အဆင့် ကိုယ်စားပြုခြင်းမှ ငြင်းပယ်ပိတ်ပင်ခြင်းဖြစ်သည်။[6]

- အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၊ ပူးပေါင်းတော်လှန်ရေး အင်အားစုများမှ ထူထောင်ထားသော ပြည်နယ်အစိုးရများနှင့် ဒေသကာကွယ်ရေးတပ်ဖွဲ့များကို လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော အာဏာပိုင်များအဖြစ်နှင့် ၎င်းတို့၏ သက်ဆိုင်ရာနယ်မြေများရှိ အစိုးရဝန်ဆောင်မှုပေးသူများအဖြစ် အသိအမှတ်ပြုပါရန်။

- မြန်မာစစ်အုပ်စုသို့ လက်နက်၊ လက်နက်ကျည်ဆံ၊ စစ်ရေးပစ္စည်းများနှင့် နှစ်မျိုးသုံးပစ္စည်းများ လွှဲပြောင်းပေးခြင်းများကို ချက်ချင်းရပ်ဆိုင်း၊ ပိတ်ပင်တားဆီးပါရန်။ အပြည်ပြည်ဆိုင်ရာဥပဒေအရ အတိတ်မှအဖြစ်မှန်များ သို့ သိရှိထားမှုများ အပေါ်အခြေခံ၍၊ ၎င်းလက်နက်နှင့် ပစ္စည်းများအားအသုံးပြု၍ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ရန် မှန်းဆချက်ရှိပါက နိုင်ငံအားလုံးသည် လက်နက်နှင့် အခြားပစ္စည်းများကို လွှဲပြောင်းပေးရန် ရှောင်ကြဉ်ရမည့် တာဝန်ရှိသည်။ မြန်မာစစ်အုပ်စုသို့ လက်နက်၊ လက်နက်ကျည်ဆံ၊ စစ်ရေးပစ္စည်းများနှင့် နှစ်မျိုးသုံးပစ္စည်းများ လွှဲပြောင်းပေးခြင်းသည် စစ်ရာဇဝတ်မှုများကို ထောက်ပံ့သော လုပ်ရပ်တခုနှင့် ညီမျှနိုင်ပြီး ၎င်းလုပ်ရပ်ကိုယ်တိုင်ကလည်း အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာဇဝတ်မှုတရပ်ဖြစ်သည်။

- အကြီးတန်းစစ်တပ်အရာရှိကြီးများနှင့် စစ်တပ်ပိုင်ကုမ္ပဏီများ၊ ၎င်းတို့၏ လက်အောက်ခံကုမ္ပဏီများနှင့် ခရိုနီကုမ္ပဏီများ အပေါ် ဦးတည်ထားသော ငွေကြေးပိတ်ဆို့မှုများကို ဆက်လက်၍ ခိုင်မာအားမြှင့်လုပ်ဆောင်ပါရန်။

- နိုင်ငံတကာတရားရုံးများ ၊ အဓိကအားဖြင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) နှင့်/သို့ မြန်မာနိုင်ငံအတွက် အထူး နိုင်ငံတကာ ရာဇဝတ်တရားခုံရုံး တရပ် ထူထောင်ခြင်းမှတဆင့် မြန်မာနိုင်ငံရှိ တာဝန်ယူမှု တာဂန်ခံမှုလျော့ပါးမှုများကို အရေးပေါ်ဖြေရှင်းရန်အတွက် အားထုတ်လုပ်ဆောင်ချက်များကို ပံ့ပိုးကူညီမှု တိုးမြှင့်ပါရန်။

- အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများတို့နှင့် ပူးပေါင်းဆောင်ရွက်၍ ဝန်ဆောင်မှုများပေးခြင်း နှင့် လိုအပ်နေသော ပြည်သူများအားလုံးကို လူသားချင်းစာနာ

---

6 There are only two claimants to government in Myanmar – the NUG and the junta. SAC-M's 2022 paper on effective control, and this update, assess effective control, being a measure of government. SAC-M's 2022 paper found that, comparatively, the NUG had the greater claim to effective control in Myanmar than the junta. SAC-M acknowledges, and has noted, in the 2022 paper and in this update, that not all resistance actors are partnered with the NUG. All resistance actors are, however, by SAC-M's definition, politically opposed to the junta. At the same time, the stated political objectives of resistance actors are generally aligned to those of the NUG, to a greater or lesser extent. Therefore, based on an assessment of the criteria for determining effective control in relation to the junta and the resistance, and comparing the two claimants to government, SAC-M found that the greater claim is with the NUG.

ထောက်ထားမှုဆိုင်ရာ အကူအညီများ တိုးမြှင့်ပေးဝေမှုအား ပံ့ပိုးရာတွင်၊ နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများအပါအဝင် အထိရောက်ဆုံးနှင့် ရရှိနိုင်သော နည်းလမ်းမျိုးစုံတို့မှတဆင့် လုပ်ဆောင်ပါရန်။

- အိမ်နီးချင်း နိုင်ငံများထံသို့
  - » ဝန်ဆောင်မှုများပံ့ပိုးပေးရေးနှင့် လိုအပ်နေသူများအားလုံးထံ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများ ပေးပို့ခြင်းကို တိုးချဲ့သည့် လုပ်ငန်းစဉ်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ အစည်းများနှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပြည့်ဝစွာ၊ လုံခြုံစွာ နှင့် အဟန့်အတားမရှိစွာ ကူညီပံ့ပိုးပါရန်။
  - » လုံခြုံမှုကင်းမဲ့ခြင်းများခြင်း၊ နိုင်ငံ့နယ်သတ်မျဉ်း ဖြတ်ကျော်သည့် ရာဇဝတ်မှုများ၊ လူကုန်ကူးမှုများနှင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ နှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများတို့နှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
  - » ကုန်သွယ်ရေး၊ လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ရေးရာ စီမံခန့်ခွဲမှု ကိစ္စရပ်များကဲ့သို့သော နိုင်ငံ့နယ်သတ်မျဉ်း ဖြတ်ကျော်သည့်အုပ်ချုပ်ရေး ကိစ္စရပ်များတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများနှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
  - » ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများအပါအဝင် မြန်မာနိုင်ငံသားများအားလုံးကို ၎င်း၏ နယ်နိမိတ်အတွင်း ကာကွယ်ပါရန်နှင့် အတင်းအကျပ် ဌာနေပြန်မပို့ရေး နိယာမအား လေးစားလိုက်နာပါရန်။

## အမျိုးသားညီညွတ်ရေးအစိုးရထံသို့

- ၎င်းတို့အား ဖော်ဆောင်ရာတွင် အုပ်ချုပ်ရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးဖွဲ့စည်းပုံများကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ လူမှုအဖွဲ့အစည်း ဦးဆောင်မှု (community-led) အခြေပြုသည့် လူမှုဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အား လုပ်ဆောင်ခြင်းတို့မှတဆင့်၊ နယ်မြေများအား သိမ်းယူကာ လုံခြုံစေခြင်းအပြင် အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ ပေးစွမ်းခြင်းအား ဦးတည်လုပ်ဆောင်ပါရန်။

- မင်းအောင်လှိုင်နှင့် အခြားစစ်အုပ်စုခေါင်းဆောင်များ၊ ပဋိပက္ခဒေသများရှိ စစ်တပ်အုပ်ချုပ်ရေးအရာရှိများအား ဖမ်းဆီးဝရမ်း ထုတ်ပြန်ရန်အတွက် နိုင်ငံတကာရာဇဝတ်ခုံရုံးအား တောင်းဆိုပါရန်။

- ကုလသမဂ္ဂအထွေထွေညီလာခံ သို့မဟုတ် လူ့အခွင့်အရေးကောင်စီတို့မှတဆင့် မြန်မာနိုင်ငံအတွက် အထူး နိုင်ငံတကာ ရာဇဝတ်တရားခုံရုံး တရပ် ထူထောင်ရန်အလို့ငှာ အဖွဲ့ဝင်နိုင်ငံများအား တောင်းဆိုပါရန်။

## အာဆီယံထံသို့

- အမျိုးသားညီညွတ်ရေးအစိုးရအား အာဆီယံဖိုရမ်များတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် လက်ခံပါရန်နှင့် မြန်မာပြည်သူများ၏ ဖက်ဒရယ်ဒီမိုကရေစီနှင့်စပ်လျဉ်းသည့် ဆန္ဒနှင့် ရည်မှန်းချက်များကို တိုးမြှင့်လုပ်ဆောင်စေရန်အလို့ငှာ အာဆီယံဖိုရမ်များနှင့် ယန္တရားများမှတဆင့် အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။

- ဝန်ဆောင်မှုများပံ့ပိုးပေးရေးနှင့် လိုအပ်နေသူများအားလုံးထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့ခြင်းကို တိုးချဲ့သည့်လုပ်ငန်းစဉ်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အထိရောက်ဆုံးနှင့် ရှိသမျှသော နည်းလမ်းအစုံဖြင့် ထောက်ပံ့ပေးပါရန်။[7]

- ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများ အပါအဝင် မြန်မာနိုင်ငံသားများအားလုံးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နယ်နိမိတ်အတွင်း ကာကွယ်ပါရန်နှင့် အတင်းအကျပ် ဌာနေပြန်မပို့ရေး နိယာမအား လေးစားလိုက်နာပါရန်။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီထံသို့

- နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သည် မြန်မာနိုင်ငံနှင့်ပတ်သက်သော လုံခြုံရေးကောင်စီအစည်းအဝေးများတွင် တက်ရောက်ရမည်ကို ခိုင်မာသေချာစေပါရန်။

- စစ်အုပ်စုက ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို မလိုက်နာသောကြောင့် မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂပဋိညာဉ် အခန်း ၇ အရ ဆုံးဖြတ်ချက်တရပ် ထုတ်ပြန်ချမှတ်ပါရန်။ အဆိုပါ အခန်း ၇ အရ ဆုံးဖြတ်ချက်သည် အောက်ပါအတိုင်း ဖြစ်သင့်သည်။
  - » စစ်အုပ်စုကို ယင်းတို့ကိုယ်၌ ဖျက်သိမ်း၍ စစ်တပ်ကို ဒီမိုကရက်တစ် ပြည်သူ့ထိန်းချုပ်မှုအောက်တွင် ထားရှိရေးတောင်းဆိုပါရန်။
  - » မြန်မာစစ်အုပ်စုအပေါ် ကျယ်ပြန့်ပြည့်စုံသော လက်နက်ပိတ်ပင်မှုတရပ် နှင့် ၎င်းအား စောင့်ကြည့် လိုက်နာစေသည့် ယန္တရားတစ်ခုအား ပြဋ္ဌာန်းပါရန်။
  - » အကြီးပိုင်းစစ်တပ်အရာရှိများ၊ စစ်တပ်ပိုင်ကုမ္ပဏီများ၊ ၎င်းတို့၏ လက်အောက်ခံကုမ္ပဏီများနှင့် ခရိုနီကုမ္ပဏီများအပေါ် ဦးတည်ထားသော ငွေကြေးဆိုင်ရာ ပိတ်ဆို့ဒဏ်ခတ်မှုများအား ပြဋ္ဌာန်းပါရန်။
  - » မြန်မာနိုင်ငံပိုင်နက်အတွင်း ကျူးလွန်ခဲ့သော ရောမပြဋ္ဌာန်း ဥပဒေစာချုပ် (Rome Statute) ပါ ရာဇဝတ်မှုများအတွက် တရားရုံးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာပေးအပ်ရန်၊ မြန်မာနိုင်ငံ၏ အခြေအနေအပြည့်အစုံအား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးပါရန်။
  - » နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခွင့်အပါအဝင် ပြည့်ဝစွာ၊ လုံခြုံစွာနှင့် အဟန့်အတားမရှိစွာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝင်ရောက်ခွင့်များနှင့် အထိရောက်ဆုံးနှင့် ရသမျှသော နည်းလမ်းများမှတဆင့် လိုအပ်နေသူများအားလုံးထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အကူအညီများ တိုးချဲ့ပေးပို့ခြင်းအားတောင်းဆိုပါရန်။

---

[7] Human Rights Council resolution 55/20 (2024) acknowledges at PP40 'the central role' of ASEAN 'in facilitating a peaceful solution in the interest of the people of Myanmar and in facilitating constructive and inclusive dialogue among all parties, including the National Unity Government, ethnic organizations and broader civil society, as well as in the provision of humanitarian assistance to all those in need'.

## ကုလသမဂ္ဂအထွေထွေညီလာခံထံသို့

- အရေးပေါ် အထူးအစည်းအဝေးတခု စုဝေးကျင်းပပြီး မြန်မာနိုင်ငံ၏ အခြေအနေနှင့် ပတ်သက်သော ဆုံးဖြတ်ချက်တရပ် ထုတ်ပြန်ချမှတ်ပါရန်။ အဆိုပါဆုံးဖြတ်ချက်သည် အောက်ပါအတိုင်းဖြစ်သင့်သည်။
  - » မြန်မာပြည်သူများ နှင့် ၎င်းတို့၏ ဖက်ဒရယ်ဒီမိုကရေစီနှင့်စပ်လျဉ်းသည့် ဆန္ဒနှင့် ရည်မှန်းချက်များအပေါ် ထောက်ခံခြင်းအား ခိုင်ခိုင်မာမာအတည်ပြုပါရန်။
  - » အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများသည် မြန်မာပြည်သူများ၏ ဖက်ဒရယ်ဒီမိုကရေစီနှင့် စပ်လျဉ်းသည့်ဆန္ဒနှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အရေးကြီးကြောင်း အသိအမှတ်ပြုပါရန်။
  - » စစ်အုပ်စုသည် ၎င်းတို့ကိုယ်၌ ဖျက်သိမ်း၍ စစ်တပ်ကို ဒီမိုကရက်တစ် ပြည်သူ့ထိန်းချုပ်မှုနှင့် ဒီမိုကရက်တစ်အဖွဲ့အစည်းများမှ သတ်မှတ်သော အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အောက်တွင် နာခံပါဝင်ရေး တောင်းဆိုပါရန်။
  - » မြန်မာစစ်အုပ်စုသို့ လက်နက်၊ လက်နက်ကျည်ဆံ၊ စစ်ရေးပစ္စည်းများနှင့် နှစ်မျိုးသုံးပစ္စည်းများ လွှဲပြောင်းပေးခြင်း အလုံးစုံအား ချက်ချင်းရပ်တန့်ရန်အလို့ငှာ နိုင်ငံအားလုံးအား တောင်းဆိုပါရန်။
  - » မြန်မာနိုင်ငံ၏ အခြေအနေအပြည့်အစုံအား နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန်အတွက် လုံခြုံရေးကောင်စီအား တောင်းဆိုပါရန်။
  - » လုံခြုံရေးကောင်စီက မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးခြင်းပြုရန် ပျက်ကွက်ပါက မြန်မာနိုင်ငံအတွက် အထူး နိုင်ငံတကာ ရာဇဝတ်တရားခုံရုံးတရပ် ထူထောင်ပါရန်။
  - » နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခွင့်အပါအဝင် ပြည့်ဝစွာ၊ လုံခြုံစွာ နှင့် အဟန့်အတားမရှိစွာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝင်ရောက်ခွင့်များအပြင် အထိရောက်ဆုံးနည်းလမ်းများနှင့် ရရှိနိုင်သမျှသော နည်းလမ်းများမှတဆင့် လိုအပ်နေသူများအားလုံးထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အကူအညီများ တိုးချဲ့ပေးပို့ရန်အတွက် တောင်းဆိုပါရန်။
  - » ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ နှစ်စဉ်ဆုံးဖြတ်ချက်တွင် လက်ရှိထည့်သွင်းထားသော အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်၏ လုပ်ငန်းအာဏာပိုင်ခွင့်ကို ပြန်လည်ပြင်ဆင်၍ ပိုမိုအသေးစိတ် စီစဉ်ပြင်ဆင်ပါရန်။

## လူ့အခွင့်အရေးကောင်စီထံသို့

- လူ့အခွင့်အရေးကောင်စီဖိုရမ်များတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရကို လက်ခံပါရန်။

- အရေးပေါ်အထူးအစည်းအဝေးတရပ်ကျင်းပပြီး ရခိုင်ပြည်နယ်အခြေအနေကို အာရုံစိုက်သော မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်တရပ် ထုတ်ပြန်ချမှတ်ပါရန်။ အဆိုပါဆုံးဖြတ်ချက်တွင် အောက်ပါအချက်များပါဝင်သင့်သည်။
  - » ရိုဟင်ဂျာများ၊ ရခိုင်နှင့် အခြားအသိုင်းအဝိုင်းများအပေါ် ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် အကြမ်းဖက်မှုများအားလုံးအပါအဝင် ရခိုင်ပြည်နယ်ရှိ မြန်မာစစ်အုပ်စု၊ အာရက္ခတပ်တော်နှင့် အခြား

လက်နက်ကိုင်အဖွဲ့အစည်းများမှ ကျူးလွန်သော နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးဥပဒေ ချိုးဖောက်မှုများအား ပြစ်တင်ဝေဖန်ရှုတ်ချပါရန်။

» နိုင်ငံတကာတရားရုံးမှ အမိန့်ထုတ်ထားသော ကြားဖြတ်အစီအမံများကို အပြည့်အဝ လက်ခံလိုက်နာရန်နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေနှင့် လူ့အခွင့်အရေးဥပဒေကို မြန်မာနိုင်ငံအတွင်း အချိန်မရွေး ထိန်းသိမ်းလိုက်နာရန်အတွက် သက်ဆိုင်ရာအဖွဲ့အားလုံးကို တောင်းဆိုတိုက်တွန်းပါရန်။

» မြန်မာပြည်သူများ၊ ၎င်းတို့၏ ဖက်ဒရယ်ဒီမိုကရေစီနှင့်စပ်လျဉ်းသည့်ဆန္ဒနှင့် ရည်မှန်းချက်များအား ထောက်ခံကြောင်း ခိုင်မာစွာအတည်ပြုပါရန်။

» မြန်မာပြည်သူများ၏ ဖက်ဒရယ်ဒီမိုကရေစီနှင့် စပ်လျဉ်းသည့်ဆန္ဒနှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များနှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အရေးပါမှုကို အသိအမှတ်ပြုပါရန်။

» မြန်မာစစ်အုပ်စုသို့ လက်နက်၊ လက်နက်ကျည်ဆံ၊ စစ်ရေးပစ္စည်းများနှင့် နှစ်မျိုးသုံးပစ္စည်းများ လွှဲပြောင်းပေးခြင်းအားလုံးကို ချက်ချင်းရပ်တန်းမှ ရပ်တန့်ရန် အဖွဲ့ဝင်နိုင်ငံအားလုံးအား တောင်းဆိုပါရန်။

» မြန်မာနိုင်ငံအခြေအနေအားလုံးကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန် လုံခြုံရေးကောင်စီအား တောင်းဆိုပါရန်။

» လုံခြုံရေးကောင်စီက မြန်မာနိုင်ငံအခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန်ပျက်ကွက်ပါက မြန်မာနိုင်ငံတွင် နိုင်ငံတကာဥပဒေအရ ပြစ်မှုကြီးများကျူးလွန်သည်ဟူ၍ စွဲချက်တင်ခံထားရသည့် ကျူးလွန်သူများအား တရားစွဲဆိုရန် အထူး နိုင်ငံတကာ ရာဇဝတ်တရားခုံရုံးတစ်ရပ်ဖွဲ့စည်းရန် မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား၏ လုပ်ပိုင်ခွင့်အာဏာကို တိုးချဲ့ပါရန်။

» နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှုအပါအဝင် ပြည့်ဝစွာ၊ လုံခြုံစွာနှင့် အဟန့်အတားမရှိစွာဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝင်ရောက်ခွင့်များနှင့် လိုအပ်နေသူများအားလုံးထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အကူအညီများ တိုးချဲ့ပေးပို့ရန်အတွက် အထိရောက်ဆုံးနည်းလမ်းများနှင့် ရရှိနိုင်သမျှသောနည်းလမ်းများမှတဆင့် တောင်းဆိုပါရန်။

## လူ့အခွင့်အရေးကောင်စီထံသို့

- မြန်မာနိုင်ငံ၏ ဥပဒေဆိုင်ရာနှင့် အဖြစ်မှန်ဆိုင်ရာ အခြေအနေအပေါ် ထင်ဟပ်စေရန် စီမံလုပ်ဆောင်ပြီး လူသားချင်းစာနာထောက်ထားမှု၊ ဘက်မလိုက်မှု၊ မျှတမှုနှင့် လွတ်လပ်မှု စသည့် နိယာမများအား ထိန်းသိမ်းလိုက်နာပြီး ပံ့ပိုးဖြစ်မြောက်အောင် ဆောင်ရွက်ရာတွင် -

    » Not designating tစစ်အုပ်စုကို လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော အစိုးရ သို့မဟုတ် လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော အာဏာပိုင်အဖြစ် သတ်မှတ်ခြင်းမပြုပါရန်။

    » ကုလသမဂ္ဂဖိုရမ်များတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရကို လက်ခံပါရန်။

    » အသီးသီး ထိန်းချုပ်ထားသောဒေသများတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် သင့်လျော်သည့်နေရာတွင် ကာကွယ်ရေးတပ်ဖွဲ့များကိုပါ လက်တွေ့အားဖြင့် အုပ်ချုပ်လျက်ရှိသော အာဏာပိုင်များအဖြစ် အသိအမှတ်ပြုရန်၊ ထို့နည်းတူ ဤအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် လက်တွေ့

အရလိုအပ်သောနေရာတွင် ၎င်းတို့နှင့်စပ်လျဉ်းသော ဒေသန္တရအုပ်ချုပ်ရေး နှင့် ဝန်ဆောင်မှုပေးရာတွင် ၎င်းတို့၏ ပါဝင်မှု အခန်းကဏ္ဍများအား အသိအမှတ်ပြုပါရန်။

- အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများတို့နှင့် ပူးပေါင်းဆောင်ရွက်၍ ဝန်ဆောင်မှုများ နှင့် လိုအပ်နေသော ပြည်သူများအားလုံးကို အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တိုးမြှင့်ပေးဝေမှုအား ပံ့ပိုးရာတွင် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများအပါအဝင် အထိရောက်ဆုံးနှင့် ရရှိနိုင်သော နည်းလမ်းမျိုးစုံတို့မှတဆင့် လုပ်ဆောင်ပါရန်။

- လုံခြုံမှုကင်းမဲ့ခြင်း၊ နိုင်ငံနယ်သတ်မျဉ်း ဖြတ်ကျော်သည့် ရာဇဝတ်မှုများ၊ လူကုန်ကူးမှုများနှင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။

- ဖွံ့ဖြိုးရေးအကူအညီနှင့် နည်းပညာပံ့ပိုးမှုများကို အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများအား တိုးချဲ့ပံ့ပိုးပါရန်။

မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီသည်ငြိမ်းချမ်းရေး၊ စစ်မှန်သော ဒီမိုကရေစီ၊ တရားမျှတမှုနှင့် တာဝန်ယူ/ခံမှုတို့အတွက် မြန်မာပြည်သူများ၏ ရေကုန်ရေခန်း ကြိုးပမ်းနေမှုကို ပံ့ပိုးကူညီရန် လုပ်ဆောင်နေသော လွတ်လပ်သော နိုင်ငံတကာလူ့အခွင့်အရေး ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားသည့် အဖွဲ့တစ်ဖွဲ့ ဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီနှင့် ကျွန်ုပ်တို့၏ လုပ်ငန်းများနှင့် ပက်သက်၍ ပိုမိုသိရှိလိုပါက https://specialadvisorycouncil.org/ တွင် ဝင်ရောက်လေ့လာနိုင်သည်။